
# ကိုနိုင်း (ချင်းတောင်)

## ချင်းမျိုးချစ်များဒေါ

## နယ်ချဲ့တွန်းလှန်တိုက်ပွဲဝင်တေးကဗျာများ



# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
- ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

# စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

# လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ချင်းမျိုးချစ်များ၏
## နယ်ချဲ့တွန်းလှန် တိုက်ပွဲဝင်ဇာတ်သီချင်းများ


(က) ရှေ့ဦးစကား ........................................ ၅

**အခန်း (၁)**

ချင်းတောင်၊တောင်ပိုင်းဒေသ နယ်ချဲ့တွန်းလှန်တိုက်ပွဲများ ................ ၁၃

**အခန်း (၂)**

ချင်းတောင်အလယ်ပိုင်းဒေသ နယ်ချဲ့တွန်းလှန် တိုက်ပွဲများ ............ ၁၇

**အခန်း (၃)**

ချင်းတောင် မြောက်ပိုင်းဒေသ နယ်ချဲ့တွန်းလှန်တိုက်ပွဲများ ............ ၂၅

**အခန်း (၄)**

တောင်ပိုင်းကြီးမှုန်တွိထန်ပက်၏ ယောသခင်တမ်းချင်း .................. ၃၇

**အခန်း (၅)**

စစ်မြေပြင်တိုက်ပွဲမှတ်တမ်း တေးသီချင်းများ .......................... ၄၃

(က) တန်းဆိတ်တိုက်ပွဲမှတ်တမ်းသီချင်း ...................................... ၄၉

(ခ) နယ်ချဲ့တွန်းလှန် စစ်သူကြီးကီးရောက်နိန်း၏

တပ်ထွက် သီချင်း .............................................................. ၄၇

(ဂ) (စီယင်) ချင်းတပ်မှူး ခုပ်လျန်၏

သူရဲကောင်း သီချင်း ........................................................... ၅၇

(ဃ) (စီယင်) ချင်းဗိုလ်ကမ်စွတ်၏

ဂါလ်အိုက်ပွဲ (အောင်ပွဲ) သီချင်း ........................................... ၆၃

(င) (တီးတိန်) ချင်းမျိုးချစ်ဗိုလ်ကိုင်တွ၏

အမိမြေအတွက် သက်သေ သီချင်း ........................................ ၆၅

) (တီးတိန်) ချင်းမျိုးချစ် ဗိုလ်ကိုင်တွ၏
ယုံစားမိမှားသိချင်း ........................................................ ၇၃

) (ကျန်လေလျန်း) ချင်းမျိုးချစ်တပ်မှူး အွမ်နိုင်းသာနှင့်
ထန်းလိန်းသာတို့၏ မျိုးစောင့်တေး (ပါ့ခွိအွေး) သိချင်း ........ ၈၃

) မျိုးချစ်ရဲ့မေးမအွေးသာ၏
(ကန်ဒန်းနာ့နေ) ဂုဏ်ယူလျက်ပါသိချင်း.............................. ၈၉

န်း (၆) နယ်ချဲ့၏သွေးခွဲဖိနှိပ်မှုများ ........................................... ၉၇

န်း(၇) နိုးကြားလာသည့် ချင်းတောင်နိုင်ငံရေး............................ ၁၀၃

(က) လူထုဆန္ဒပြပွဲ........................................................ ၁၀၈

(ခ) သခင်အောင်ဆန်းနှင့် ခမည၀ ........................................ ၁၀၉

(ဂ) သခင်အောင်ဆန်းပြည်ပသို့
အဆောတလျင်ထွက်ခွာခြင်း................................................ ၁၁၀

န်း (၈) ဂျပန်ခေတ် ချင်းတောင်အခြေအနေ .............................. ၁၁၃

ကန်ပက်လက်နယ်မှ မရှင်းသာ၏
မြို့အုပ်အောက်ဆွဲသိချင်း................................................... ၁၁၉

န်း (၉) (က) ဘီအိုင်အေတပ်သား မောင်ထန်း၏
(ကျေးမေကဒို)ငါနှင့်ငါ့မြေသိချင်း ...................................... ၁၂၃

(ခ) တောင်တန်းရင်ခွင် (စစ်မြေပြင်မှ အလွမ်းသိချင်း) .... ၁၃၁

န်း (၁၀) သခင်မကြီး ဒေါ်ချယ်လောထုံ၏
ပြည်ထောင်စုကြီး လမ်းခရီး သိချင်း..................................... ၁၃၉

န်း (၁၁) နိဂုံးလင်္ကာ......................................................... ၁၄၉

# ရှေးဦးစကား

ကလေးဘဝကပြေးလွှား အော်ဟစ်ခဲ့ကြသည့် ချင်းသီချင်းတစ်ပုဒ်ရှိ၏။ သီချင်းအမည် "မိတ်ခဲင်းလို့ခါ"။ တိုက်ရိုက်အဓိပ္ပါယ်က "ချစ်ခင်ဖြ လေးကျေးမွေးခြင်း"ဖြစ်၏။ အလင်္ကာမြောက် တေးသံအဖြစ် ဖွဲ့နွဲ့သီ သော အခါ " မိတ်ခဲင်းလို့ခါ" ၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ "ချေမှုန်းဆုံးမ ကုန်အံ့" ဟူ၍ဖြစ်၏။ ငယ်စဉ်က၊ ယင်းသီချင်းကို ရှေးရိုးရာချင်း သီချ ဟုထင် မှတ်နေခဲ့၏။ ယင်းသီချင်းမှာ နယ်ချဲ့တွန်းလှန်ရေး ချင်းစစ်သူကြီ ကီးရောက်နိန်း၏ တပ်ထွက်သီချင်းဖြစ်ကြောင်းနောင်မှသိရ၏။ မန္တလေ နေပြည်တော်အရှင်နှစ်ပါးပါတော်မူသွားပြီး၊ ဆက်လက် ချီတက်လာသည့် ဗြိတိသျှတပ်အား သွားရောက်တိုက်ခိုက်ရန် တင်ထွက်ချိန်၌ သီဆိုခြ ဖြစ်၏။ ယနေ့တိုင် သီဆိုနေကြဆဲ။

မင်းတပ်မြို့သို့ စာသင်သွားရသောအခါ ကျော့တော်ရွာကခေ

သို့ တောင်ယာလုပ်အားပေးအကူအပျော်လိုက်သွားလေ့ရှိ၏။ ထဘီတို ဝတ် ကျော့တော်ရှာသူပျိုဖြူ ကလေးများသည် တေးသံတလွင်လွင် လုပ်ငန်းခွင် ဝင်လေ့ရှိကြ၏။ သူတို့ကလေးများထံမှ ကြားရဖန်များလတ်၍ အလွတ်ရနေသည့်သီချင်းမှာ "ကျေးမေကနို" ဖြစ်၏။ အဓိပ္ပါယ်က "ငါနှင့်ငါ့မြေ" ဖြစ်သည်။ ချင်းသံထွက်ကို မြန်မာစာလုံးဖြင့် အနီးစပ်ဆုံး ဖော်ပြပါ၏။

**- ဇရာန်ကီယာ ရိန်းငါး ရှောန်ဘူလဲနော် ကျေးမေကနို**

**- မလိုဝ်မန်းငါ လိုင်း ငါမလိုဝ်လမ် တာနော် ကျေးမေကနို**

**- ရှောန်ဘူလဲနော် တွီးယုမ် စုမ်း ကော် ကျေးမေကနို**

**- မလိုဝ်လမ် တာနော် လေးမေယာ် လောကွယ် ကျေးမေကနို။**

"ကျေးမေကနို" အသံအရှိအရှူဖြင့်ဝင်ရထွက်ရသည့်သီချင်းဖြစ်ပြီး ထပ်တလဲလဲကြားနေရသည်။ ကျေးမေကနို "ငါနှင့်ငါ့မြေ" ဆိုသည့်အချက်ကို အလေးအနက်ဖွဲ့ဆိုထားခြင်းဖြစ်၏။ ထိုစဉ်က ယင်းသီချင်းကို ကျော့တော်ရှာ သူပျိုဖြူကလေးများ၏ကိုယ်ပိုင်သံစဉ်သီချင်းဟုကျွန်တော် ထင်မှတ်နေခဲ့၏။ နှစ်ပေါင်းအတန်ကြာ၍ ဆရာမင်းတမ်ဘူနိန်း၏ ချင်းတောင်သမိုင်းစာအုပ်ထွက်ရှိလာမှသာအမှန်သိရတော့၏။ လွတ်လပ်ရေးတိုက်ပွဲကာလ ဘီအိုင်အေတပ်သား ချင်းရဲဘော်တစ်ယောက် ပျဉ်းမနားခွင်၌ ဗုံးဆံထိမှန် သေအံ့မူးမူး၌ ဇာတိချင်းတောင်သို့ အမှာပြန်ပါးသည့်တေးသီချင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယခင်က ချင်းတောင်အလယ်ပိုင်း (နတ်မတောင်ဒေသ) တွင်

တေးလက်ဆောင်ပါးခြင်းသည် လွန်စွာခေတ်စားခဲ့လေသည်။ တေးသီချင်း ပို့ဆောင်ပေးသူများ (အွေးခေါ်) တေးစေတမန်ဟု ခေါ်ကြ၏။ ထိုသူတို့ကား သီဆိုမှုပိုမိုကျွမ်းကျင်လိမ္မာကြ၏။ ချင်းတိုင်းရင်းသားတို့ စာပေမရှိခဲ့သဖြင့် ဘဝမှတ်တမ်းအစုံစုံကို တေးသီချင်းများ ဖွဲ့နွဲ့လက်ဆင့်ကမ်းကြရ၏။ မျိုးနွယ်စုသမိုင်းများ၊ စစ်နိုင်အောင်ပွဲများ၊ သားရဲအောင်ပွဲများ သီးနှံစားပွဲများ၊ ချစ်မေတ္တာရေးရာများကိုမော်ကွန်းကဗျာ တေးသီချင်းရှည်ကြီး များ ဖွဲ့ဆို လက်ဆင့်ကမ်းခဲ့ကြ၏။ ချင်းရိုးရာ တေးသီချင်းများသည် နဘေ၊ ကာရံလျှို့ဝှက်အနက်နှင့် တခဲ့ကျူပွတ္တိဉာဏ်ဖြင့် လျှင်စွာဖွဲ့ဆိုခြင်း ဖြစ်ရာ များစွာ နက်နဲခက်ခဲလေသည်။ "မိတ်ခဲင်းလို့ခါ" ချင်းတေးသံ "ချစ်ခင်မြတ်လေး ကျွေးမွေးခြင်း" ဟု အဓိပ္ပါယ်ရှိသော်လည်း စကားလုံးကို မာန်နှင့်ဒြာန်နှင့် ရွတ်ဆိုရသည့် တေးသီချင်းသံမျိုးတွင် "ချေမှုန်းဆုံးမကြကုန်အံ့" ဟု အဓိပ္ပါယ်ထွက်ရှိလာခြင်းမျိုးဖြစ်၏။ ထို့ကြောင့် ချင်းတေးသီချင်းများကို လူတိုင်းမဖွဲ့သီနိုင်ဘဲ ပါရမီရှိသူတို့သာ တတ်ကျွမ်းနားလည်နိုင်ကြလေသည်။ မည်သည့်လူမျိုး၏ ဘာသာစကားတွင်မဆို တေးကဗျာ၊ လင်္ကာ အဖွဲ့အနွဲ့သည် ပိုမိုခက်ခဲနက်နဲမည်သာဖြစ်၏။ ယခင်က ချင်းတိုင်းရင်းသားတို့ စာပေမရှိ၍ နှုတ်ဆင့်ကမ်းခဲ့ကြသော်လည်း ယခုတော့ မကမ်းတတ်၊ မယူတတ်ကြတော့ပြီ။

ချင်းတောင်တန်းအလယ်ပိုင်းဒေသ (နတ်မတောင်ဒေသသည် နယ်ချဲ့အုပ်ချုပ်ရေးအောက်၊ ၁၉၂၇ ခုနှစ်နောက်ပိုင်း၌သာ အပြီးအပိုင်ကျရောက်ခဲ့သည်ဖြစ်၍ နယ်ချဲ့တွန်းလှန်တိုက်ပွဲကာလ အရှည်ကြာဆုံးဖြစ်၏။ ချင်းတိုင်းရင်းသားတို့သည် ဘဝအတွေ့အကြုံအဖုံဖုံကို တေးသီချင်း

အဖုံဖုံဖြင့် မှတ်တမ်းတင်လေ့ရှိကြ၏။ ရှည်လျားလှသည့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲဝင်ကာလ ချင်းမျိုးချစ်တေးပြုများ၏ တေးသီချင်းများ၊ အများအပြား ရှိပေလိမ့်မည်။ ယင်းတေးကဗျာများသည် သမိုင်းသက်သေများဖြစ်ကြ၏။ မြန်မာပြန် ဆိုထားသင့်သည်။ ယင်းစိတ်ကူးဖြင့် နယ်ချဲ့တွန်းလှန်တိုက်ပွဲဝင်သူများ၏ တေးသီချင်းများ စုစည်းသည့်အခါ အထောက်အထားအခိုင်အမာတွေ့ရှိရသည့် သီချင်းမှာ အနည်းအကျဉ်းမျှသာဖြစ်လေသည်။ အချို့မှာ သီချင်းသာ ကျန်၍ မည်သူ သီဆိုသွားမှန်း မသိရနိုင်တော့ချေ။

အနည်းငယ်သာတွေ့ရှိရသည့် ချင်းစစ်သည်တို့ တေးသံများသည် ယနေ့တိုင် နတ်မတောင်နယ်သားများ၏ နှလုံးသားကို ရိုက်ခတ်နေဆဲ။ နောင်ကိုလည်း နတ်မတောင်နယ်သားများ၏ ရင်ထဲ၌ ထာဝစဉ်ကိန်းအောင်းနေမည်သာဖြစ်၏။ မြန်မာ့သမိုင်းတွင် စာဆိုစစ်သည်လက်ဝဲသုန္ဒရ၊ မြဝတီမင်းကြီးဦးစ၊ နဝဒေးတို့၏ စစ်ချီရတု၊ မော်ကွန်းကဗျာတို့ ဂန္ထဝင်အဖြစ် တည်ရှိနေသကဲ့သို့တည်း။ ချင်းမျိုးချစ်တို့၏ နှုတ်ထွက်သီချင်းများကို မြန်မာပြန်ရာ၌ မူရင်းစကားလုံး၏ တိုက်ရိုက်အဓိပ္ပါယ်ကိုယူခြင်း၊ သီချင်းတစ်ပုဒ်၏ဆိုလိုရင်းအနက်ကိုယူခြင်းနည်းဖြင့်ပြန်ဆိုထားပါသည်။ နယ် ချဲ့ကိုတွန်းလှန်တိုက်ပွဲဝင်ခဲ့သည့်ချင်းစစ်သည်တေးပြု (စာဆို) တို့၏ တိုက်ပွဲသရုပ်ဖော်၊ စစ်မြေပြင်မှတ်တမ်း တေးသီချင်းများကို ပြန်လည်ဖော်ပြလိုခြင်းသည်သာ အဓိကဖြစ်ပါသည်။

နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲဝင် ချင်းမျိုးချစ်များ စစ်မြေပြင်မှဖွဲ့သီသည့်တေးသီချင်းများကို ပြန်လည်ဖော်ပြရာတွင်၊ ချင်းတောင်အဝှမ်း နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲများကို အကျဉ်းမျှပြန်လည်ဖော်ပြရန်လိုအပ်

ကိုနိုင်း(ချင်းတောင်)

ပါသည်။ တိုက်ပွဲဖြစ်စဉ်များ ပြန်လည်ဖော်ပြရာတွင် ကာလအလိုက်၊ ချင်းတောင် တောင်ပိုင်းဒေသ၊ ချင်းတောင် အလယ်ပိုင်းဒေသ (နတ်မတောင် နယ်)၊ ချင်းတောင်မြောက်ပိုင်းဒေသဟူ၍ (၃)ပိုင်းခွဲပြီး တိုက်ပွဲရက်စဉ်ဖြင့် ဖော်ပြထားပါသည်။ တိုက်ပွဲရက်စဉ်များကို ချင်းတောင်သမိုင်း (မင်းတင် ဘူနိန်း)၊ မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ) (သမိုင်းသုတေသနဦးစီးဌာန) ဖြစ်ပြီး (၂၀၀၄) ထုတ်ရွှက်နဝေမဂ္ဂဇင်း (မြဟန်) ၏ မြန်မာပြည်ဒိုင်ယာရီတို့မှ ရယူပါသည်။ စပ်သည်တို့ဖွဲ့သီသည့် တေးသီချင်းများကို နယ်ချဲ့တွန်းလှန် ရေးခေတ်ကာလအလိုက် ဖော်ပြပါသည်။

နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲဝင် ချင်းစစ်သည်များ ကိုယ်တိုင် ဖွဲ့သီသည့် တေးသီချင်းများကို ပြန်လည်ဖတ်ရှုခြင်းအားဖြင့်၊ အမိမြေနှင့် နိုင်ငံတော်၊ အမျိုးအနွယ်နှင့် လူမျိုးများအတွက် မည်မျှဇာတိမာန်ထက် သန် မြင့်မားခဲ့ကြသည်ကို တွေ့မြင်နိုင်ကြမည် ဖြစ်ပါသည်။

ယနေ့ ချင်းတောင်တန်းကို လွှမ်းမိုးထားကြသည့် ချင်းလူငယ် များသည် ယခင် နယ်ချဲ့ကိုတွန်းလှန်တိုက်ပွဲဝင်ခဲ့သည့် ချင်းမျိုးချစ်များ၏ သွေးမျိုးဆက်များ ဖြစ်သည့်အတိုင်း၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ဇာတိ မြေချစ်စိတ်တို့ ပြန်လည်သွေးချင်းဆက်နိုင်ကြစေရန် လက်လှမ်းမီသရွေ့ ဖော်ပြခြင်းဖြစ်ပါသည်။ ချင်းတောင်မြောက်ပိုင်းဒေသ နယ်ချဲ့တွန်းလှန် တိုက်ပွဲဝင် မျိုးချစ်များ၏ အမည်စာလုံးပေါင်းအမှန်ပြုပြင်ပေးသည့် ဆရာ စတီဗင်ဇာခိုင် (cosmo) အားအထူးကျေးဇူးတင်ရှိပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ကိုနိုင်း (ချင်းတောင်)

## ချင်းတောင်တန်း၏
## နယ်ချဲ့အင်္ဂလိပ် တွန်းလှန်ရေးတိုက်ပွဲများ

ချင်းတောင်တန်း(ခေါ်)အနောက်ဘက်တောင်တန်းဒေသသည် ယခင်တီးတိန်နယ်နှင့်အိန္ဒိယနယ်စပ်မျဉ်းမှသည် ပလက်ဝနယ်အဆုံးအထိ ဖြစ်၏။ တောအသွယ်သွယ်၊ မြောင်အထပ်ထပ် ခက်ခဲကြမ်းတမ်းလှသည့် ဒေသဖြစ်ပါသည်။ ထိုဒေသနေ ချင်းမျိုးချစ်များ၏ နယ်ချဲ့တွန်းလှန်တိုက်ပွဲဝင်ခဲ့ပုံ အကျဉ်းချုပ်ကို ဒေသ (၃)ပိုင်းခွဲ၍ တင်ပြပါသည်။

(က) ချင်းတောင် တောင်ပိုင်းဒေသ
(ခ) ချင်းတောင် အလယ်ပိုင်းဒေသ
(ဂ) ချင်းတောင် မြောက်ပိုင်းဒေသ

# အခန်း (၁)

## ချင်းတောင်တောင်ပိုင်းဒေသ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ (၁၈၂၆၊၁၈၃၂)

အင်္ဂလိပ်မြန်မာပထမစစ်အပြီး၊ မြို့(ခူမီး) ချင်းဒေသပလက်ဝနယ်ကို သိမ်းပိုက်ရန် အင်္ဂလိပ်တပ်သည် ကျောက်တော်မြို့နယ် ကျောက်တောင်ရွာ၌ စခန်းချရောက်ရှိသည်။ "တက်မရွာ" တောင်မင်း "ဆိန်ဒါ" နှင့် တောင်မင်း "ဆပင်" တို့ဦးစီးပြီး အင်္ဂလိပ်တပ်ကို သွားရောက် တိုက်ခိုက်သည်။ တိုက်ပွဲရက်ကြာဖြစ်ပွားပြီး အင်အားချင်းမမျှ၍ "မီးဝရွာ" သို့ ဆုတ်ခွာလာပြီး အနိုင်အမာခံတပ်ပြုသည်။ အင်္ဂလိပ်က မီးဝစခန်းကို လာရောက်တိုက်ခိုက်ရာ အင်္ဂလိပ်တပ်သား အများအပြားကျဆုံးသွားကြသည်။ အင်္ဂလိပ်စစ်ကူများ ထပ်မံရောက်ရှိလာပြီး ဝိုင်းပတ်တိုက်ခိုက်သဖြင့် ကြာရှည်မခုခံနိုင်ဘဲ ကုလားတန်မြစ်ညာသို့ ဆုတ်ခွာသည်။

## တန်းဆိတ်တိုက်ပွဲ

မြစ်ညာသို့ ဆုတ်ခွာလာပြီး "လောင်းကဒူး" နယ်တောင်ပိုင် "မင်းဒွီ" နှင့် ပူးပေါင်းတပ် "တန်းဆိတ်ရွာ" ၌တပ်စွဲသည်။ တန်းဆိတ်ရွာ၌ အင်္ဂလိပ်တပ်နှင့် (၃) ရက်တိုင်တိုင် တိုက်ပွဲဖြစ်ပွားသည်။ တန်းဆိတ်ရွာ အထက်ရှိ "မောင်နမရွာ" မှ မျိုးချစ် "မိုက်ဟူ" နှင့် "ဆိုက်ထင်" တို့ စစ်ကူ လာရောက်တိုက်ခိုက်သည်။ မိုက်ဟူနှင့် ဆိုက်ထင်တို့ ညီအစ်ကိုစစ်ကူ လာရောက်နေစဉ် အင်္ဂလိပ်က အနီးဝန်းကျင်ရွာများ ပြာပုံကျအောင် မီးရှို့ သည်။ မိုက်ဟူနှင့်ဆိုက်ထင်တို့ "ကျိုးလေရွာ"၊ "ဒလက်မေရွာ"တို့နှင့် ပူး ပေါင်း၍နှစ်တပ်ခွဲပြီး တိုက်ခိုက်ကြသည်။ (၃)ရက်တိုင်တိုင် တိုက်ပွဲဖြစ်ပွား ပြီး ချင်း မျိုးချစ် (၅) ယောက်ကျဆုံးသည်။ မိုက်ဟူနှင့်ဆိုက်ထင်တို့သည် အမြောက်အားကိုး အင်္ဂလိပ်တပ်ဗိုလ်အား တစ်ဦးချင်း ဓားချင်းယှဉ်ခုတ် ရန် စိန်ခေါ်ခဲ့ကြ၏။ အင်္ဂလိပ်စစ်ဗိုလ်က ဓားချင်းယှဉ်မခုတ်ဝံ့ဘဲ အမြောက် နှင့် ဒလစပ်ပစ်ခတ်သဖြင့် ကူဝရွာသို့ ဆုပ်ခွာခဲ့ရ၏။

## ကူဝရွာတိုက်ပွဲ

မိုက်ဟူနှင့်ဆိုက်ထင်တို့ကူဝရွာသို့ဆုတ်ခွာလာခဲ့ရာ လဟောက် ရွာ၊ ရေးတန်းရွာ၊ လိုက်ဝဲရွာ၊ မီးချောင်းရွာတောင်ပိုင်များလာရောက် ပေါင်းစည်းမိပြီး အင်အား (၃၀၀) ဖြင့် တပ်ပြုသည်။ အင်္ဂလိပ်တပ်နှင့် (၇) ရက် တိုင်တိုင် ရင်ဆိုင်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ အင်္ဂလိပ်တပ် စစ် ကူ အများအပြား ရောက်ရှိလာသဖြင့် ဆုတ်ခွာရပြီး ဒလက်မေရွာကြီးကို အင်္ဂလိပ်တို့ သိမ်းပိုက်ရရှိသွားခဲ့၏။

**ကိုနိုင်း(ချင်းတောင်)**

**ဦးရှိန်တောင်ရှာတိုက်ပွဲ**

ဒလက်မေကျသွားသော်လည်း ဦးရှိန်တောင်ရှာ တောင်မင်းဆိုက်ရုပ်သည် အင်္ဂလိပ်၏ မည်သည့် အမိန့်ပေးမှုကိုမျှ လက်ခံခြင်းမရှိခဲ့ချေ။ အင်္ဂလိပ်တပ်က အလုံးအရင်းဖြင့် လိုက်လံဖမ်းဆီးသည်။ ကျန်မျိုးချစ်များက အလစ်အငိုက် ချုံခိုချောင်း၍ လည်းကောင်း၊ ရုတ်တရက်ဝင်ရောက်စီးနင်း၍ လည်းကောင်း၊ ပြန်လည်တိုက်ခိုက်သဖြင့် အင်္ဂလိပ်အရာရှိ (၁)တပ်သား (၅)ဦး ကျဆုံးသည်။

**ဆလိန်မင်တောင်ရှာတိုက်ပွဲ**

အင်္ဂလိပ်တပ်ကို ကူညီရန် ပလက်ဝအရေးပိုင်က အင်အား (၃၀၀) ပါတပ်ကူစေလွှတ်သည်။ ဆလိန်မင်တောင်ရှာ မတ်တတ်လမ်း၌ ချီတက်လာသည့် အင်္ဂလိပ်တပ်ကို ကျောက်မောင်းကြီးများ ဆင်ကာ ကျောက်တုံးကြီးများ လှိမ့်ချပြီး ဝိုင်းပတ်တိုက်ခိုက်ကြသည်။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တပ်မှ လွတ်မြောက်သူ မရှိသလောက်ဖြစ်သည်။ ပလက်ဝအရေးပိုင်ကိုယ်တိုင် အထူးတပ်ဖွဲ့ကို ဦးစီး၍ ချီတက်လာသည်။ အရေးပိုင်၏ လက်ယာလက်မောင်း၌ တူမီးကျည်ဆံသင့်ပြီးနောက် လန်ထွက်ပြေးကြရသည်။ ထိုနယ်ကို နယ်ချဲ့တို့ (၆)နှစ်တိုင်တိုင် တိုက်ခိုက်အောင်မြင်ခြင်း မရှိသဖြင့် လက်လျှော့လိုက်ရလေ၏။

## ၁၈၇၂။ တောင်မင်းဘဟေ

ဆလိန်မင်တောင်ရွာ တောင်မင်းဆိုက်ရုပ်ကွယ်လွန်ပြီး မြေးဖြစ်သူ တောင်မင်းဘဟေ လက်ထက်တွင် အင်္ဂလိပ်တပ် လာရောက်တိုက်ခိုက်သည်။ (၆) လကြာတိုက်ပွဲဖြစ်ပွားပြီး သိမ်းပိုက်နိုင်ခြင်းမရှိချေ။ ထိုနှစ်တွင် အင်္ဂလိပ်သည်ချစ်ကြည်ရေး စေ့စပ်ဆွေးနွေးလိုပါသည်ဟု လက်ဆောင်ပေးပြီး စစ်တွေမြို့သို့ ဖိတ်ခေါ်သည်။ စစ်တွေရောက်လျှင် ဘဟေကို ဖမ်းချုပ် ပြီး (၃)နှစ်အကျယ်ချုပ်ထားပြီးနောက်၊ အဆိပ်ကျွေး၍ သတ်ပစ်သည်။ ဤတွင် ချင်းတောင်ပိုင်းဒေသ ပလက်ဝနယ်တစ်ခုလုံး နယ်ချဲ့လက်အောက် ကျရောက်၏။



ကိုနိုင်(ချင်းတောင်)

## အခန်း (၂)

## ချင်းတောင်အလယ်ပိုင်းဒေသ နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲများ

**၂၁ ဖေဖော်ဝါရီ၊ ၁၉၀၆။**

မင်းတပ်သို့လက်ဖ်တင်နင်ဒေါပီလော်တင်နှင့်ဂျဒါမာမက်အလီဦးစီးစစ်သည် (၇၅)ဦးပါတပ်ဖွဲ့အစဦးဆုံးရောက်ရှိသည်။ နောက်တစ်နေ့ဝေလီဝေလင်းအချိန် ပြန်ထွက်သွားကြသည်။ မိမိတို့ကို တိုက်ခိုက်ရန်လာရောက်လေ့လာသည့် ရှေ့ပြေးတပ်ဖြစ်မည်ဟု ချင်းတို့က တထစ်ချယူဆကြ၏။ ကီးသာရွာ ကီးရောက်နိန်းဦးစီး၍ ထိုနှစ် လက်နက်လှူသူ စုဆောင်းသည်။ ရှေ့ယာနယ်ရှိ ဇမာမျိုးချစ်များနှင့် ဆက်သွယ်ညှိနှိုင်းသည်။ ထိုနှစ် တပ်ထွက်နတ်တင်ပွဲပြုလုပ်ပြီး (ယော) ဇမာမျိုးချစ် ဒေသခေါင်းဆောင်များနှင့် စုပေါင်း တပ်ဖွဲ့သည်။

## ချင်းမျိုးချစ်တပ်ဖွဲ့စည်းပုံ

| | | |
|---|---|---|
| ၁။ ကီးရောက်နိန်း | ကီးသာရွာ | စစ်သူကြီး |
| ၂။ ထန်းပက် | ဝမ္မသူးရွာ | တပ်မှူးကြီး |
| ၃။ ကီးဟာအောင်သာ | ဟမ်းဘုံရွာ | တပ်မှူး |
| ၄။ တမ်အွမ် | ယောချောင်းတိုက်နယ် | ။ |
| ၅။ ဂေဟာ | ။ | ။ |
| ၆။ ကီးနိန် | ။ | ။ |
| ၇။ အွမ်ပိုင်းကီးဂေ | ။ | ။ |
| ၈။ ကီးလောသာ | ။ | ။ |
| ၉။ လောလိန်းသာ | ။ | ။ |
| ၁၀။ ရှယ်တမ်ဟာနွိးအောင် | မောင်းချောင်းတိုက်နယ် | တပ်မှူး |
| ၁၁။ ရှယ်တမ်ဟာနွိးရှိန်း | ။ | ။ |
| ၁၂။ နိန်းမခိုက်မနား | ။ | ။ |

ထိုတပ်မှူးများအောက်တွင်မောင်းချောင်းတိုက်နယ်သား၊ယောချောင်း၊ ချီချောင်းတိုက်နယ်သား စုစုပေါင်းတပ်သားအင်အား (၁၀၀၀) ကျော်ပါဝင်သည်။ ယင်းတပ်ဖွဲ့သည် ယောနယ်သို့ ဆင်းခဲ့ပြီးအောက်ပါ ဗမာမျိုးချစ် ဒေသခေါင်းဆောင်များနှင့် ပူးပေါင်းတပ်ဖွဲ့သည်။

## ဗမာတပ်မှူးကြီးများ

| | | | |
|---|---|---|---|
| ၁. | ထီးလင်းမြို့သူကြီး ဗိုလ်နေတင် | | တပ်မှူးကြီး |
| ၂. | ပေါက်မြို့သူကြီးဗိုလ်မှတ်ကြီး | | " |
| ၃. | ကြောနယ်သူကြီးဗိုလ်စကား | | " |
| ၄. | ဂန့်ဂေါမြို့သူကြီး ဦးကြာဆင့် | | " |
| ၅. | ယောသူကြီး ဦးရာကွတ် | | |
| ၆. | ဗိုးအောင်ပေါ် | ညောင်လှနယ် | စစ်ကဲ |
| ၇. | ဦးသဲကြီး | " | " |
| ၈. | ဦးမြကြီး | " | " |
| ၉. | ဦးဗိုးလေ့ | " | " |
| ၁၀. | ဦးသာရင် | " | " |
| ၁၁. | ဦးလူး | " | " |

ပူးပေါင်းတပ်သည် အင်္ဂလိပ်မိစ္ဆာတပ်၊ ပုံတောင်ပုံညာ ကျော်ဖြတ်မလာနိုင်အောင် တိုက်ထုတ်ပစ်ရန် သစ္စာရေသောက် ကတိသစ္စာ ပြုကြသည်။

**၁၀၀၆ မှ ၁၀၀၇။ အင်္ဂလိပ်တပ်ကိုပိတ်ဆို့ခြင်း**

၁၈၈၆ နှစ်ဆန်း၌ ကပ္ပတိန်ကိုမ်းစ်အေဒရာ မြစ်ခြေ၌အထိုင်ပြု၍ ရှေ့တက်လာ၏။

ပုံတောင်ပုံညာကို ခံတပ်ပြု၍တက်လာသမျှအင်္ဂလိပ်တပ်ကိုပစ်ချဖြင်းဖြင့် ၁၈၈၆ မှ ၁၈၈၇ နှစ်ကုန်အထိ ပိတ်ဆို့တားဆီးထားနိုင်ခဲ့သည်။ ချင်း၊ ဗမာပူးပေါင်းတပ်တွင် ဗမာတပ်၏ အများစုသော လက်နက်ကား တူမီးသေနတ်နှင့် ဒူးလေး၊ ချင်းတပ်၏ အများစုသော လက်နက်ကား ကျောက်မီးသေနတ်နှင့် လင်းလေးဖြစ်ချေရာ အင်္ဂလိပ်တပ်၏ အမြောက်နှင့် ရိုင်ဖယ်ကို (မယှဉ်နိုင်၍) ၁၈၈၇ ခုနှစ်၊ နှစ်ကုန် ပုံတောင်ညာခံတပ်မှ ဆုတ်ခွာခဲ့ရသည်။

**ဇန်နဝါရီ၊ ၁၀၀၀။ ချင်းမျိုးချစ်တို့ အင်္ဂလိပ်တပ် ပဆုတ်စခန်းကိုစီးနင်းခြင်း**

ပုံတောင်ပုံညာကို ဖြတ်ကျော်လာနိုင်သော အင်္ဂလိပ်တပ် (ယခုကျောက်ထုအနီး) ပဆုတ်ရွာ၌ တပ်စခန်းချသည်။

ကီးရောက်နိန်း ဦးစီးချင်းမျိုးချစ်များ မြားစစ်သည် ဒိုင်းကိုင်စစ်သည်ပေါင်း (၃၀၀) ခန့်က သွားရောက်စီးနင်းတိုက်ခိုက်သည်။

အင်္ဂလိပ်တပ်များ ကစဉ့်ကလျား ထွက်ပြေးသွားကြသည်။ ချင်းမျိုးချစ်တပ်က အပြင်းအထန် လိုက်လံတိုက်ခိုက်သည်။ (ယခုကျောက်ထု လေယာဉ်ကွင်းဟောင်းအနီး) တောခလွှန်ရွာ၌ ပြင်းထန်စွာ တိုက်ပွဲ ဖြစ်ပွားသည်။

ချင်းမျိုးချစ်တို့ အကျအဆုံးမရှိ၊ အင်္ဂလိပ် စစ်ဗိုလ် (၁) ကျဆုံးပြီး စစ်မြင်းတစ်ကောင် ဖမ်းဆီးယူဆောင် လာကြသည်။

## မော်လုံပလူးတိုက်ပွဲ

အင်္ဂလိပ်တပ်ကို မျက်ခြေဖြတ်ရန် မင်းတပ်သို့ တိုက်ရိုက်မပြန်ဘဲ လှည့်ပတ်၍ ပြန်ခဲ့ကြသော်လည်း စစ်မြင်းခြေရာအတိုင်း တစိုက်မတ်မတ် လိုက်လာသည့် အင်္ဂလိပ်တပ်နှင့် ရှစ်မွေးရွာအနီး မော်လုံပလူး၌ ရင်ဆိုင်တိုက်ပွဲဖြစ်သည်။ မော်လုံပလူး၌ ကျောက်မောင်းကြီးများဆင်ပြီး အသင့်စောင့် တိုက်ခိုက်ခြင်းဖြစ်၍ အင်္ဂလိပ် ကြေးစားစစ်သား အများအပြား ကျဆုံးသွားသည်။ ချင်းမျိုးချစ်တို့ အကျဆုံးမရှိ။

## ၂၉၊ ဒီဇင်ဘာ၊ ၁၈၅၃။ လုပ်တက်တိုက်ပွဲ

စစ်ရှုံးအင်္ဂလိပ်တပ်သည် တပ်ပေါင်းစုဖွဲ့ပြီး မေဂျာအဲယားဦးစီး၍ စစ်သည် (၃၀၀) ပါတပ်ဖြင့် မင်းတပ်သို့ ချီတက်လာသည်။ ချင်းမျိုးချစ်တို့ လုပ်တက်ကြားစခန်း၌ ကတုတ်ကျင်းတူး၍ အသင့်စောင့်နေကြ၏။ လုပ်တက်စခန်းအတက်သည် တောင်မတ်တတ်အတက်လမ်းဖြစ်၍ ကျောက်မောင်းကြီးများ အမြောက်အများဆင်ထားကြ၏။ အင်္ဂလိပ်တပ်ပစ်ကွင်းဝင်လာသည်နှင့် ကျောက်တုံးကြီးများလှိမ့်ချ၊ ဖရိုဖရဲဖြစ်နေသည့် တပ်ထဲသို့ဒလကြမ်းဝင်ရောက်ပစ်ခတ်ထိုးခုတ်ကြ၏။ ချင်းမျိုးချစ်တို့ အကျအဆုံးမရှိ။ အင်္ဂလိပ်တပ်မှ ကပ္ပတိန်ရယ်နီ (၁) အမည်မသိ (၁) စစ်သည် (၃၀) ကျဆုံးသည်။ မေဂျာအဲယား ရေရှင်ရွာသို့ ဆုတ်ခွာသည်။ ရေရှင် ရွာသား

း‌အောင်ပေါ် (တောင်သား/ချင်းစကားတတ်ကျွမ်းသူ) ကို စေလွှတ်၍
စ်ပြေငြိမ်းလိုကြောင်း ကမ်းလှမ်းသည်။ ချင်းမျိုးချစ် ကီးရောက်နိန်း၏
ပြန်ကြားချက်မှာ "သေလိုလျှင် တက်လာခဲ့" ဟူ၍ဖြစ်၏။ ၁၈၉၀ အထိ
အင်္ဂလိပ်တပ် ချင်းတောင်သို့ ဝင်ရောက်နိုင်ခြင်းမရှိချေ။

## ၁၈၉၁။ မင်းတပ်တိုက်ပွဲ။

ထိုနှစ် အင်္ဂလိပ်တို့ အလုံးအရင်းကြီးစွာ မင်းတပ်သို့ချီတက်လာ
သည်။ ချင်းမျိုးချစ်တပ်သည် အမြဲတမ်းတပ်မဟုတ်ဘဲ အရေးပေါ်မှ စုစည်း
ခြင်းဖြစ်၏။ မျိုးချစ်များ ဝမ်းစာတောင်ယာလုပ်ငန်းဖြင့် အင်အားကွဲပြား
နေချိန်ဖြစ်၍ ရှိသည့်အင်အားဖြင့် ရှုပ်ရှုပ်ရှုံ့ရှုံ့ခုခံတိုက်ခိုက်ကြသည်။ ချင်း
မျိုးချစ် ဗိုလ်ဆွဲလွေနှင့် ဗိုလ်လုံထန်းကျဆုံးသွားသည်။

မင်းတပ်ကိုအင်္ဂလိပ်တို့သိမ်းပိုက်သွားသည်။

## ၁၈၉၅။ ဒုတိယအကြိမ်မင်းတပ်တိုက်ပွဲ

ချင်းမျိုးချစ်တို့ မကျေပွဲ နွှဲခြင်းဖြစ်၏။ မရုံရွာကဦးစီးပြီး ရိုးဖောင်
ရွာ၊ ဘောင်ရွာ၊ ပြုံးရွာ၊ ရိုးရွာ၊ တွီးဒိန်ရွာ၊ လုံးခါးရွာ၊ လှတွီရွာ၊ ကာအိမ်ရွာ၊
ရွာတူရွာ (၁၀) ရွာပေါင်းတပ်ဖွဲ့ပြီး အင်္ဂလိပ် မင်းတပ်စခန်းကိုလာရောက်
တိုက်ခိုက်သည်၊ အင်္ဂလိပ်စစ်မှုထမ်း (၂) ဦးကျဆုံးပြီး အများအပြား ဒဏ်
ရာရရှိသွားသည်။ ချင်း(၁၀) ရွာတပ်မှ၊ ရိုးဖောင်ရွာသား မျိုးချစ်ခွဲလေနှင့်
လိန်းထုံ ကျဆုံးသွားသည်။

## ၁၈၆၉။ အင်္ဂလိပ်တို့က တောရွာများကို တိုက်ခိုက် မီးရှို့ခြင်း

မင်းတပ်ရှိ အင်္ဂလိပ်စခန်းကို လာရောက်တိုက်ခိုက်ရာ၌ ဦးစီးသည့် မရဲ့ရွာကို မြေလှန်မီးရှို့ပြီး ဟုန်းသာရွာတို့ကိုလည်း မီးရှို့ဖျက်ဆီးသည်။

## ၆၊ ဧပြီ ၁၉၁၈။ ကျန်လေလျှန်းရွာတိုက်ပွဲ

၁၉၁၇ ခုနှစ်တွင် စစ်ဝန်ထမ်းစုဆောင်ရန်ရောက်ရှိလာသည့် အင်္ဂလိပ်အမှုထမ်းများကို ကျန်လေလျှန်းရွာသားများက မောင်းထုတ်သည်။ ထိုနှစ်အကုန် ဟီလောင်းဒေသ၊ ကျန်လေလျှန်းရွာသို့ အင်္ဂလိပ်အမှုထမ်းဒေသခံရာဇဝတ်အုပ်မာန်ဘူကီး၊ ဂိန်မာန်လော၊ ထန်းအွမ်၊ ဂိကီးအွမ်တို့ကိုနယ်မြေစည်းရုံးရေးစေလွှတ်သည်။ စစ်ဝန်ထမ်း (၃၀)စုဆောင်းပေးရန် ဆင့်ဆိုခြင်းဖြစ်၏။ ဒိုအိမ်ဘူဟုန်း ဦးစီး ချင်းမျိုးချစ်တို့က ချော့မော့၍ငြင်းပယ်လိုက်သည်။ လာရောက်လာသူများကို ကောင်းမွန်စွာဧည့်ခံ၍ လက်ဆောင်(ဒင်္ဂါး - ၃၀) ပေးကာပြန်လည်စေလွှတ်သည်။ ဧည့်သည်များကို (လိန်းသာ) ဝါလိန်း၊ (ဘွဲ့သာ) တမ်ဂေ၊ (ယူတူ) ထန်းနိုင်း၊ (ဆယ်ပါ) ဟာဘူတို့ဖြင့် လိုက်လံပို့ဆောင်စေသည်။ (ကွင်းပြ) အမည်သည် မျိုးနွယ်စုငယ် အမည်ဖြစ်ပါသည်။ ထို (၄) ဦးကို "ဖို" တောင်တန်းရှိ အင်္ဂလိပ်တပ်စခန်းက ဖမ်းဆီးထားလိုက်သည်။ ချင်းမျိုးချစ်အင်အား (၆၀) ဖြင့် ဖိုတောင်တန်း အင်္ဂလိပ်စခန်းရှိ သေနတ်များကိုဖျက်ဆီးပြီး ဓားခံများ ကယ်ထုတ်လာသည်။ ယင်းကိစ္စကြောင့် အင်္ဂလိပ်တပ်မှ ဗိုလ်စကော့ ဦးစီးတပ်ဖြင့် ကျန်လေလျှန်းရွာကိုလာရောက်တိုက်ခိုက်သည်။ ဗိုလ်စကော့နှင့်အင်္ဂလိပ်

တသင်ကြီးကျဆုံးပြီး ကျန်လေလျှန်းမှ တပ်မှူးဝါဟာထန်း ကျဆုံးသည်။ အင်္ဂလိပ်တပ်သည် ဗိုလ်စကော့အလောင်းကိုသာ ပြန်ကောက်ပြီး "ရှိ" တောင်တန်း၌မြှုပ်နှံသည်။ တိုက်ပွဲဝင် လူငယ်များသည် တသင်ကြီး၏ ဦးခေါင်းကို သစ်ပင်မြင့်၌ချိတ်ဆွဲပြီး အော်ဟစ်ကြုံးဝါး ပစ်ခတ်ကြသည်။ ထို့ကြောင့် ဒုတိယအကြိမ် ကျန်လေလျှန်းရွာကိုအင်္ဂလိပ်တပ်လာရောက် တိုက်ခိုက်သော်လည်း မျိုးချစ်တို့၏မမြင်ကွယ်ရာမှလာသည့်မြားပုန်းဒဏ် ကို မခံနိုင်၍ တပ်လန်ခဲ့ရသည်။ ၁၉၂၇ အရောက် တွင်မူ အင်္ဂလိပ်တပ်က ထိုဒေသကျေးရွာများကိုသာမက၊ လုပ်ခင်းတောင်ယာ သီးနှံများကိုပါ ဗိုက်စိပ်တိုက် မီးရှို့ဖျက်ဆီးပြီး အိမ်မွေးတိရစ္ဆာန် ဆိတ်၊ ဝက်ကအစ ကြက် ငယ်ပါမကျန် သတ်ဖြတ်ဖျက်ဆီးခဲ့ရာ ထိုနစ်မှစ၍ မျိုးချစ်တို့၏ ခုခံမှုများ နိဂုံးချုပ်သည်။



## အခန်း (၃)

### ချင်းတောင်မြောက်ပိုင်းဒေသ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ

**၇–ဒီဇင်ဘာ၊ ၁၈၈၈။ ကလေးစခန်းတိုက်ပွဲ**

ကလေးမြို့နယ်၌ လာရောက်တပ်စွဲသည့် အင်္ဂလိပ်တပ်ကို စိယင်စစ်သူကြီး ဦးခိုင်ကမ်းဦးစီး၍ သွားရောက်တိုက်တိုက်သည်။ စိယင်နယ်ကို အင်္ဂလိပ်တို့က တိုက်ခိုက်မည်မဟုတ်ကြောင်း အကြောင်းကြားသည်။ ဦးခိုင်ကမ်းတပ်ခွာလာပြီးနောက် အင်္ဂလိပ်တို့သည် လျှို့ဝှက်စွာ စစ်ဆင်ရေးလမ်း ဖောက်လုပ်လျက်ရှိ၏။

**၁၀၊ ဒီဇင်ဘာ၊ ၁၈၈၈။ ကန်ပုလဲရွာတိုက်ပွဲ**

အင်္ဂလိပ်တို့ လျှို့ဝှက်စွာဖော်လုပ်သည့်လမ်းသည် ကလေးမြို့အလွန် "ကန်ပုလဲရွာ" ရောက်လာမှ ချင်းမျိုးချစ်တို့သိရှိရပြီး ချေမှုန်းတိုက်ခိုက်ရန် အောက်ပါအတိုင်း တပ်များ ဖွဲ့စည်းသည်။

၁။ ဦးထပ်ခန်း (မြန်မာသံအမတ်ကြီး ဦးဝမ်ကိုပေဟာ၏အဘိုး)

၂။ ဦးနုပ်လျှန် (တေးပြု)

၃။ ဦးနုပ်ပေါင်

၄။ ဦးပေါင်ခန့်ကပ် (ဦးပေါင်နိုင်)

၅။ ဦးမာန်လွန်းတို့ဖြစ်၏။

တပ်မှူး (၅) ဦး၊ ဦးစီးတပ်ဖြင့် အင်္ဂလိပ်၏ကန်ပုလဲစခန်းကိုသွားရောက် တိုက်ခိုက်ရာ အင်္ဂလိပ်စစ်သား (၁၇) ဦးလက်ရဖမ်းဆီးမိသည်။ စိယင်တို့ဘက်မှ

၁။ ဦးပေဟာက်မာန်

၂။ ဦးစွန်အွမ်

၃။ ဦးကင်းလမ်းတို့ကျဆုံး၏။

## ၂၄၊ ဇန်နဝါရီ၊ ၁၈၈၉။ သွမ်းကျိုတိုက်ပွဲ

အင်္ဂလိပ်တို့ "ကန်ပုလဲ" စခန်းကိုစွန့်၍ "သွမ်းကျို" သို့ပြောင်းရွှေ့တပ်စွဲသည်။ သွမ်းကျိုစခန်းကို စိယင်မျိုးချစ်တို့ သွားရောက်တိုက်ခိုက်ပြန်သည်။ ကြေးတားစစ်သား ဂေါ်ရခါး (၄) ယောက် ကျဆုံးပြီးမြင်း (၄)ကောင်ဖမ်းဆီးနိုင်သည်။ သို့သော် အင်္ဂလိပ်တို့ တပ်လန်မသွားသည့်အပြင် "ဖက်ယမ်း" ရွာဘက်သို့ အမှတ် (၃) ခံတပ်တိုးချဲ့တည်ဆောက်လာ၏။ ဤတွင် ယခင်က တီးတိန်၊ စိယင် ကိုယ့်တောင်ကျောနှင့်ကိုယ်နေကြသော်လည်း စည်းလုံးညီညွတ်ပူးပေါင်းကြရမည်ကို နားလည်သွားကြသည်။

**၂၆၊ ဇန်နဝါရီ၊ ၁၈၈၇။**

ဤသို့ဖြင့် စိုယင်ခိုဆတ်သူကြီး ဦးခုပ်ပေါင်၊ တီးတိန်သူကြီး ဦးခေါ်ကျောင့်တို့ တီးတိန်အင်အား (၄၀၀)မှာလ်ဘင်းအင်အား (၃၀)၊စိုယင်အင်အား(၁၂၀၀) ပေါင်း(၁၆၃၀) ပါတပ်ဖွဲ့စည်းပြီး တပ်ပေါင်းစု ဦးစီးမှူးအဖြစ် ဗိုလ်နိုင်ကမ်း၊ တီးတိန်ဗိုလ်ခေါ်ကျောင့်နှင့် ဗိုလ်ထွန်းဇံတို့ ဦးစီးသည့် တပ်ကို ဖွဲ့စည်းသည်။

**၂၇၊ ဇန်နဝါရီ၊ ၁၈၈၇။ မြေနီတောင်တိုက်ပွဲ**

ပူးပေါင်းတပ်သည် ဖက်ယမ်းရွာ အင်္ဂလိပ် အမှတ် (၃) ခံတပ်မှ "ဗိုးမာရှယ်ဂျော့ချ်ဝိုက်" လက်အောက်ခံ "ဒုတိယဗိုလ်မှူးကြီးစကင်း" ဦးစီး အမှတ်(၄၂) ဂေါ်ရခါးတပ်ရင်းနှင့် "လေဆင်းချွာလ်ပီး" (မြေနီတောင်) ၌ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်တပ်၊ တပ်လန်ထွက်ပြေးရပြီး မှာလ်ဘင်းရွာသား မျိုးချစ် (၃) ဦးကျဆုံးသည်။ ကျဆုံးစစ်သည် အိမ်ပြန်ပို့ရသည့်ချင်းထုံးဓလေ့ကြောင့်လစ်ဟာချိန်တွင် အင်္ဂလိပ်တို့ တဖန်ပြန်တက်လာ၍ မြေနီတောင်ခံတပ် လက်လွှတ်ရသည်။ (ယင်းတိုက်ပွဲ နှင့် ပတ်သက်၍ ဗိုးမာရှယ်ဆာဂျော့ချ်ဝိုက်သည် ၁၈၈၉ ဇန်နဝါရီ (၂၈) ရက်နေ့ ကြေးနန်းအမှတ်(၈၂) ဖြင့် ဘုရင်ခံထံသို့ "ကျွန်ုပ်တိုက်ဖူးခဲ့သမျှစစ်ပွဲများအနက် ယခုတိုက်ပွဲသည် အခက်ခဲဆုံးတိုက်ပွဲဟု ယူဆပါသည်" ဟု အစီရင်ခံ ခဲ့သည်။)

**၁၁၊ ဇန်နဝါရီ၊ ၁၀၈၉ ။ ဟန်ထန်လိုတိုက်ပွဲ**

ချင်းမျိုးချစ်တို့ မြေနီတောင်မှ ဆုတ်ခွာခဲ့ပြီ "ဟန်ထန်လို" ၌ စခန်းချသည်။ ပန်ရာပီဂေါ်ရာပူးပေါင်းတပ်က လာရောက်တိုက်ခိုက်သဖြင့် ဟန်ထန်လိုတွင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားသည်။ ကြေးစားစစ်သား အများအပြား ဒဏ်ရာရပြီး ချင်းမျိုးချစ်ဦးထွာလ်ခွန်းတစ်ဦးသာ ခြေသလုံးထိမှန်ဒဏ်ရာရသည်။ နယ်ချဲ့စစ်ကူတပ်ရောက်ရှိလာသဖြင့် ဟန်ထန်လိုမှ ဆုတ်ခွာခဲ့ကာ ယခု "ဖို့တပ္ဖိုက်" အနီး၊ "ထိန်တင်" ၌ စုရုံးခဲ့သည်။ (ထိုနေ့ နယ်ချဲ့လက်သို့ အိုင်ကျစ် (ယခုသိုင်းငင်းရွာ) ကျသွား၏။

**၄၊ ဖေဖော်ဝါရီ၊ ၁၀၈၉ ။ ထိန်တင်တိုက်ပွဲ**

ဤနေ့ကား စိယင်နယ်ကို အင်္ဂလိပ်တို့ လုံးဝကျူးကျော်သောနေ့ဖြစ်၏။ ကျူးကျော်တပ်၏ စစ်သေနာပတိမှာ ဗိုးမာရှယ်ဆာရော့ချ်ပို့က်၊ စစ်ထောက်လှမ်းရေးမှူး ဂျင်နရယ်ဖွန်နဲ့၊ တပ်မှူးချုပ် မေဂျာရက်ကီး ဦးစီးသည်။ ချင်းမျိုးချစ်တို့နှင့် ထိန်တင်၌ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီး စိယင်တို့၏ ခိုဆတ်ရွာ ပြာပုံအတိ မီးတင်ရှို့ခြင်းခံရ၏။

**၁၃၊ ဖေဖော်ဝါရီ၊ ၁၀၈၉ ။ ဘွင်မာန်တိုက်ပွဲ**

စိယင်တို့၏ ခိုဆတ်ရွာကြီး မီးတင်ရှို့ခံရပြီးနောက် မျိုးနွယ်စုအားလုံး ပိုမိုပေါင်းရုံးမိကြ၏။ စိယင်၊ စုက္ကတဲ၊ ကမ်းဟောက်အစုတို့ "ဘွင်မန်" ရွာ၌ စုစည်းတပ်ပြုသည်။ တပ်မှူး "ထာနွမ်း" နှင့် "လျန်ကမ်း" ကိုကွပ်ကဲစေ၍ "ရှယ်လုံ" ရွာ၌ ခံတပ်တည်ဆောက်စေသည်။ ရှယ်လုံခံတပ် တည်

ဆောက်ရန် အင်အားမျှဝေရသဖြင့် ဘွင်မန်၌ စစ်သည်အင်အား (၂၀၀) သာ ကျန်ရစ်သည်။ အင်္ဂလိပ်တပ်၏ အမြောက်နှင့် ဒလစပ်ပစ်ခတ်ခံရရာမှ ဆုတ်ခွာရပြီး လူစုကွဲသွား၏။ ဘွင်မန်နှင့် ထုတ်လိုင်ကို နယ်ချဲ့တို့ သိမ်းပိုက်သည်။ ထုတ်လှိုင်ရွာ၌ ဗိုးမာရှယ်ဂျော့ချ်ဗိုက် စစ်ဌာနချုပ်ဖွင့်သည်။ သူနာမည်ကို အစွဲပြု၍ ဗိုဒ်တပ်ဗိုက်ဟုတွင်၏။

**၄၊မေ၊၁၈၈၉။**

**ရှယ်လုံခံတပ်တိုက်ပွဲ**

ဘွင်မန်တိုက်ပွဲ၌ ကွဲပြားသွားသည့် မျိုးချစ်များ ရှယ်လုံတပ်ခံ၌ ပြန်လည်စုစည်းမိကြ၏။ ယခင်ကမူ အင်္ဂလိပ်အဝင်မခံ သွားရောက်တိုက်ခိုက်ခြင်းမျိုးဖြစ်သော်လည်း ထိုနေ့တွင် တိုင်းပြည်ကြီးသားတို့၏ ကျင့်ဝတ်ထုံးစံအတိုင်း အင်္ဂလိပ်ကို စစ်ကြေညာသည်။ ထိုနေ့ (၁၀)နာရီ၌ စတင်ပြီး ဗိုလ်နိုင်ကမ်း ဦးစီး ချင်းမျိုးချစ်များနှင့် ဗိုးမာရှယ်ဆာဂျော့ချ်ဗိုက် ဦးစီး အင်္ဂလိပ်စစ်သား (၃၈၀)၊ ပန်ချာပီစစ်သား (၆၅)၊ ဂေါ်ရာစစ်သား (၆၀) ပေါင်း (၄၀၀) ကျော်ပါတပ်ဖွဲ့နှင့် ရှယ်လုံခံတပ်မှာပင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ထိုနေ့တိုက်ပွဲတွင် ချင်းမျိုးချစ်ရှိသမျှ ယောကျ်ား၊ မိန်းမ လူကုန်ထွက်၍ သတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ကြသည်။ တိုက်ပွဲစဲ၍ စာရင်းချုပ်သော် အောက်ပါအတိုင်း ကျဆုံးစာရင်းရရှိ၏။

(၁) ဦးလျန်ကမ်း (pu Lian Kam)

(၂) ဦးဝမ်မန် (pu Vam Mang)

(၃) ဦးပေါ်ဆွမ်း (pu Pau Suang)

| | |
|---|---|
| (၄) ဦးထွမ်ဝုန် | (pu Tuang Vung) |
| (၅) ဦးဆမ်ပေါ် | (pu Seen Pau) |
| (၆) ဦးလမ်ခုပ် | (pu Lam Khup) |
| (၇) ဦးခုမ်ဝမ် | (pu Khup Vum) |
| (၈) ဦးဇဝမ် | ( pu Za Vum) |
| (၉) ဦးလူလ်ကမ်း | (pu Luch Kam) |
| (၁၀) ဦးအင်ခမ် | (pu En Kham) |
| (၁၁) ဦးပေါ်လမ် | (pu pau Lam) |
| (၁၂) ဦးဟန်စိန် | (pu Hang Sing) |
| (၁၃) ဦးယွန်ထွန်း | (pu Zong Thuam) |
| (၁၄) ဦးဆွန်ဆွမ်း | (pu Son Suang) |
| (၁၅) ဦးယွမ်းအွမ်း | (pu Zong On) |
| (၁၆) ဒေါ်လမ်းကျောင် | (pi Lam Caing) |
| (၁၇) ဒေါ်လျှန်းဝုန်း | (pi Lian Vung) |
| (၁၈) ဒေါ်ဟွဲနွမ်း | (pi Huai Nuam) |
| (၁၉) ဒေါ်အွပ်ဟွဲ | (pi Ot Huai) |
| (၂၀) ဒေါ်ဒိမ်ငိုက် | (pi Dim Ngaik) |
| (၂၁) ဒေါ်ဝုန်နဲင်း | (pi Vum Neem) |
| (၂၂) ဒေါ်ညောင်းကျောင် | (pi Naing Ciang) |
| (၂၃) ဒေါ်အွမ်ဟွဲ | (pi Uap Huai) |
| (၂၄) ဒေါ်အွမ်ညောင် | (pi Uap Niang) |

(၂၅) ဒေါ်ကိုင်းဗုန် (pi Kai Vung)

(၂၆) ဦးခိုင်ဆွတ် (pu Khai Suak)

(၂၇) ဦးထန်ဟောက် (pu Thang Hauk)တို့ကျဆုံးခဲ့ကြ၏။

ဗြိတိသျှတပ်မှ စစ်ဗိုလ် (၃) ဦး၊ တပ်သား (၈၀) ကျဆုံးသည်။ ကပ္ပတိန်မေနီနှင့် ဆေးမှူးအက်ဖ်ကွင်း ဒဏ်ရာရသည်၊ ထိုတိုက်ပွဲ၌ ဆေးမှူး အက်ဖ်ကွင်း ပီစီသူရဲကောင်းဘွဲ့ရသည်။ ရှယ်လုံခံတပ်ကျဆုံး သွားသည်။ ဗိုလ်ခိုင်ကမ်းလည်း အညံ့မခံတောခိုသည်။ (၃)နှစ်လုံးလုံး တောခိုနေသော်လည်း ကျေးရွာများမီးတိုက်ခံရ၍ ရပ်ရွာကို ငဲ့ညှာကာ လက်နက်ချသည်။ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံရပြီး ကပ္ပလီ ကျွန်းအပို့ခံရ၏။ လျှော့ပေါ့ထောင်ဒဏ် (၁၀) နှစ်ကျခံပြီး လွတ်မြောက် သည်၊ တရားဝင် စစ်ကြေညာသည့်နေ့မှာပင် တစ်နယ်လုံး အင်္ဂလိပ် အောက် ကျရောက်သွားရခြင်းဖြစ်သည် မှန်သော်လည်း အမြင့်မားဆုံး သတ္တိသွေးပိုင်ရှင်တို့ အနိမ့်ပါး ဆုံး စစ်လက်နက်ကိုင်ဆောင် တိုက်ပွဲဝင်မှုံ ကား ပြောင်မြောက်လှကြောင်း သမိုင်းသက်သေဖြစ်၏။ ထိုတိုက်ပွဲတွင် ချင်းရဲမေတို့သည် ထင်းခုတ်ဓားမတို့ဖြင့် အင်္ဂလိပ်စစ်သားကို ခုတ်ပိုင်း တိုက်ခိုက်ကြခြင်းဖြစ်ရာ ကျဆုံးရဲမေတို့၏ဂုဏ်သတ္တိကို ထာဝစဉ်ဂုဏ်ပြု ဦးညွှတ်ရပေသည်။

**ဗြို၊၁၈၉၁။**

အင်္ဂလိပ်တို့ ထုတ်လိုင်ကိုသိမ်းပြီး ဦးထွန်းဝင်းဆိုသူကို မြို့အုပ် ခန့်ထားရာ၊ မြို့အုပ်ဦးထွန်းဝင်းက ဗြိတိသျှတန်ခိုးသြဇာကြီးမားပုံကိုပြသ

ရန်ကမ်းဟောက်နှင့် စိယင်ချင်းခေါင်းဆောင် (၈) ဦးကို မန္တလေးနှင့် ရန်ကုန်သို့ ခေါ်ပြကြသည်။ **(၎င်းနောက်ပိုင်း ဦးထွန်းဝင်းသည် ရှိုင်ဇာဝတီ ချင်းအစေခံကုလား ညည်းခြင်းခံပြီး ထွာင်စုန်း တောင်ကုန်း၌ ဗိုလ်ကမ်ဘွက်၏ သတ်ဖြတ် ခြင်းခံရသည်။)**

## ၂၃၊ဇွန်၊၁၈၉၁။

ဗိုလ်ကြီး ရိုစ် (Rose) က ကမ်းဟောက်နှင့် စုကွာတဲ ချင်းခေါင်းဆောင်များကို ဖို့တပိုက်၌ တွေ့ဆုံဒါဘာပွဲပြုလုပ်ပြီး အင်္ဂလိပ်အုပ်ချုပ်ရေးကို အသာတကြည် လက်ခံရန် စည်းရုံးသိမ်းသွင်းသည်။

## ဧပြီ၊)၁၈၉၃။

ရှယ်လုံခံတပ်ကျဆုံးပြီးနောက်၊ ကပ်တဲလ်ရွာအကြီးအကဲ ဗိုလ်တွမ်ထောင်း တောခိုပြီး အင်္ဂလိပ်တပ်ကို အဆက်မပြတ် တိုက်ခိုက်လျက်ရှိသည်။ ၎င်း၏ဆွေမျိုးသားချင်းရွာများမီးတင်ရှို့ခံရခြင်း၊ နှိပ်စက်ညှင်းပန်းခံရခြင်းကြောင့် ထိုနှစ်၌ ဗြိတိသျှ အာဏာပိုင်များထံ လက်နက်ချသည်။ ၎င်းနောက်ပိုင်း တော်လှန်တိုက်ပွဲများ ချုပ်ငြိမ်းသည်။

## ၁၈၉၇။

## ဖလမ်းနှင့်ဟာခါးဒေသ နယ်ချဲ့တွန်းလှန်တိုက်ပွဲများ

၁၈၈၇ နှစ်ဆန်းမှစ၍ စီဟောင်ဒေသ၊တာရွှန်းချင်း အကြီးအကဲ ဗိုလ်ကြွမ်ဘိစ်၊ (ဗိုလ်ဆွန်ပက်) ဦးစီး၍ ဗြိတိသျှကို အပြင်းအထန်တွန်းလှန်တိုက်ခိုက်သည်။

**၃၊ဇန်နဝါရီ၊၁၁၀၀။**

ဗြိတိသျှတပ်မှူး ကပ္ပတန်ရိတ် (Capt Raikes) ဦးစီး၍ ဗိုလ်ဆွန်ပက်ထံ စစ်ပြေးငြိမ်းရေး လာရောက်တွေ့ဆုံ ကမ်းလှမ်းသည်၊ စီယင်၊ တီးတိန်ဒေသ၌ အင်္ဂလိပ်အကောက်အကြံ့မှုများကို မြင်တွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ အယုံအကြည်မရှိကြောင်း၊ စစ်ပြေးငြိမ်းရေးကို လုံးဝပယ်ချလိုက်သည့်အပြင် လာရောက်ထိပါးခြင်းမပြုရန် ပြင်းပြင်းထန်ထန် သတိပေးသည်။

**ဇူလိုင်၊၁၁၁၀။**

ဗိုလ်ဆွန်ပက်နှင့် ရွှေရိုးဖြူမင်းသား တွေ့ဆုံညှိနှိုင်းပြီး ပူးပေါင်းတပ်ဖြင့် အင်္ဂလိပ်ကို တိုက်ခိုက်ကြရန် ညီညွတ်ရေးပွဲလုပ်သည်။

**၇၊ဒီဇင်ဘာ၊၁၁၁၀။**

ဗိုလ်ဆွန်ပက်တပ်နှင့် ရွှေရိုးဖြူမင်းသားတပ် ပူးပေါင်း၍ ချင်းတောင်ခြေရှိ ဗမာရွာ၌ တပ်စွဲသည့် အင်္ဂလိပ်တို့ကို တိုက်ခိုက်သည်။ ဗိုလ်ဆွန်ပက်တပ်မှ စစ်သည် (၃)ဦးကျဆုံး၍ အင်္ဂလိပ်တပ်မှ ဗိုလ်ပါးလ်မား (Leiutenant Palmar)ကျဆုံးသည်။

**၁၀၉၁။**

ချင်းမျိုးချစ်တို့၏ နယ်ချဲ့တွန်းလှန်ရေး မဟာမိတ် ရွှေရိုးဖြူမင်းသားကို ထိုနှစ်၊ ဗြိတိသျှတို့ ဖမ်းမိကြိုးပေးသည်။

ကိုနိုင်း(ချင်းတောင်)

## ၂၉ဇန်နဝါရီ၁၈၉၁။သက်ထတိုက်ပွဲ

၁၊ဇန်နဝါရီ၊ ၁၈၉၁ နေ့ ဗိုလ်ကြီးကာနေဂျီ(Carnegy)ဦးစီး အင်အား ၁၃၅ပါ ဗြိတိသျှတပ် ဟားခါးမှ သက်ထသို့ချီတက်လာသည်။ ဟားခါးချင်းမျိုးချစ်များက ပြင်းထန်စွာ တိုက်ခိုက်သည်။ ဗြိတိသျှတပ်မှ ဗိုလ်ဂျိမ်းစ် (Leiutnant James) ကျဆုံးသည်။တပ်သား (၂) ဦး ကျ ဆုံးသည်။

## ၁၄၊ဖေဖော်ဝါရီ၊ ၁၈၉၁ ။ ခွာပီးတိုက်ပွဲ

ဗိုလ်မှူးကြီး မိန်းဝါရင်း (Col: Mainwaring) ဦးစီး ဗြိတိသျှတပ်နှင့် ဟားခါးမျိုးချစ်တို့ ထိုနေ့တိုက်ပွဲဖြစ်ပွားသည်။ အင်အားချင်းမမျှ၍ ဆူရ်ခွားဘက်သို့ ဆုတ်ခွာရသည်။

## ၁၆၊ဖေဖော်ဝါရီ၊၁၈၉၁။ဆူရ်ခွားတိုက်ပွဲ

ဆက်လက်ချီတက်လာသည့် အင်္ဂလိပ်တပ်ကို အပြင်းအထန် ခုခံတိုက်ခိုက်ကြသော်လည်း ထိုနေ့ည၌ ဆူရ်ခွားရွာ ကျဆုံးသည်။

## ၂၊မေ၊၁၈၉၁။လာဒိုတချောင်းတိုက်ပွဲ

မတ်၊ ၂၉၊ ၁၈၉၁ နေ့ ဗိုလ်မက္ကနက်(Manabb) နှင့်ဗိုလ်မိုက္ကတာ (Mocatta) ဦးစီးအင်အား (၁၀၀) ဗြိတိသျှတပ် ထန်တလန်သို့ ချီတက်လာသည်။ ဦးလာလ်လွဲနှင့် ဦးအဆိုင်း ခေါင်းဆောင်မျိုးချစ်များက စောင့်တိုက်ခိုက်သည်။ ဗြိတိသျှတပ်မှ ဗိုလ် (၂) တပ်သား (၅) ကျဆုံး၍ တပ်သား (၁၃) ဒဏ်ရာရသည်။

**၂၊မေ၊၁၉၈၁။ ထန်တလန်တိုက်ပွဲ**

ဗိုလ်မှူးကြီး မိန်းဝါရင် (Col: Main Waring) ဦးစီး ဗြိတိသျှတပ်အင်အား (၃၀၀) နှင့် မျိုးချစ်တို့တိုက်ပွဲဖြစ်ပွားသည်။ ထိုနေ့ အင်္ဂလိပ်တို့ ထန်တလန်ကို သိမ်းပိုက်သွားသည်။

**ဇက်တင်ဘာ။၁၈၉၁။**

အင်္ဂလိပ်၏တန်ခိုးဩဇာပြသရန် ရည်ရွယ်ချက်ဖြင့် ဗိုလ်မက္ကနက် (Manabb) သည် ဟားခါး၊ ဆတ္တား၊ ထန်တလန်၊ ဇိုခွါး၊ ခွါပီးနယ်မှ အကြီးအကဲ (၁၈) ဦးကို မန္တလေး၊ မြင်းခြံ၊ ပြည်မြို့တို့သို့ လှည့်လည်ပြသသည်။

**၁၂၊အောက်တိုဘာ၊၁၈၉၁။**
**ဝန်ရှင်တော်မင်းကြီးကသိမ်းသွင်းခြင်း**

ရန်ကုန်အစိုးရအိမ်တော်၌ မဟာဝန်ရှင်တော်မင်းကြီးက အထက်ဖော်ပြပါ ချင်းခေါင်းဆောင် (၁၈) ဦးအား တွေ့ဆုံ ဒါဘာပွဲပြုလုပ်၍ ဗြိတိသျှ၏ အုပ်ချုပ်ရေးကို အသာတကြည်လက်ခံရန် သိမ်းသွင်းသည်။

**၂၉၊ဒီဇင်ဘာ၊၁၈၉၁။**
**လာအိုဟာချောင်း ဒုတိယအကြိမ်တိုက်ပွဲ**

ချင်းမျိုးချစ်တို့က လာအိုဟာချောင်းရှိ အင်္ဂလိပ်ကို မကျေပွဲသွားရောက်တိုက်ခိုက်သည်။ အင်္ဂလိပ်တပ် ကစဉ့်ကလျားတပ်ဆုတ်သွားရသည်။ သို့သော် မျိုးချစ်တို့ကြာရှည်စိုးမိုး ထိန်းသိမ်းနိုင်ခြင်းမရှိတော့ပါ။

**၁၈၉၂မှ၁၈၉၅။**

အင်္ဂလိပ်က အလုံးအရင်းဖြင့် ဗိုလ်ဆွန်ပက်ကို လိုက်လံဖမ်းဆီးသည်။ ကာလရှည်ကြာစွာ ပစ်ပြေးရှောင်ပုန်းလုပ်နေသဖြင့် ဖမ်းဆီးမရနိုင်ချေ။ ဗိုလ်ဆွန်ပက်ကို ဖမ်းမရနိုင်သည့် အင်္ဂလိပ်သည်၊ သားဖြစ်သူ ဦးဝမ်မှုန်ကို ဖမ်းဆီးသွားခဲ့၏။ ဦးဝမ်မှုန်နှင့်အင်္ဂလိပ် စစ်ပြေငြိမ်းရေး ဆွေးနွေးသည်။ အင်္ဂလိပ်က မည်သည့်တောင်းဆိုချက်မျှ မတောင်းဆိုရ၊ အပစ်အခတ်ရပ်စဲပေးမည်ဟု ဦးဝမ်မှုန်က အကြောင်းပြန်ရာ အင်္ဂလိပ်က သဘောတူသည်။

ဤသို့ဖြင့် ဟားခါးမျိုးချစ်တော်လှန်ရေးများမှာ ၁၈၉၅ ၌လည်းကောင်း တာရှန်းတို့၏တော်လှန်တိုက်ပွဲများမှာလည်း ၁၈၉၆မှစ၍လည်းကောင်း ရပ်စဲသွားသည်။ ၁၈၉၇ ဟားခါးနယ်၌ စစ်ဝန်ထမ်းအတင်းအကြပ် စုဆောင်းရာ မျိုးချစ်တို့နှင့်တိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်က ဟားခါးနယ် ရွာကြီး (၁၈) ရွာမီးတင်ရှို့ဖျက်ဆီးသည်။

ဖော်ပြပါအကြောင်းများကား တိုင်းတစ်ပါးသားနယ်ချဲ့များအား ချင်းလူမျိုးတို့က မိမိတို့ နေရာဒေသအလိုက် အပြင်းအထန်တွန်းလှန် တိုက်ခိုက်ခဲ့ကြသည့်သမိုင်းဖြစ်ရပ်မှန် အကျဉ်းချုပ်ဖြစ်၏။

ကိုနိုင်(ချင်းတောင်)

## အခန်း (၄)

### တောင်ပိုင်းကြီးမှုန်တွီဦးထန်ပက်၏ ယောသခင်တစ်ချင်း

မှုန်တီထန်ပက် (ခေါ်) တောင်ပိုင်ကြီး ဦးထန်ပက်သည် ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်ကပင်ရင်ဒူးနယ်တောင်ပိုင်ကြီးဖြစ်၏။ အဝေးရောက် ယောမြို့ဝန် အဆက်ဆက်၏ လက်ရုံးတစ်ဆူ အားကိုးရသူဖြစ်သည်။ တုံငယ် (၄) ရွာစု၌ အခြေစိုက်သည်။ နောက်ဆုံး ယောမြို့ဝန်နှင့်ကား အထူးတလည်ပင် ချစ်ကြင်ကျွမ်းဝင်ကြလေသည်။ အဝေးရောက် ယောမြို့ဝန်က (ယခုကျောက်ထုအနီး) ယောမြို့၌ရုံးစိုက်သည်၊ တုံငယ် (၄) ရွာစုနှင့် အလှမ်းမဝေးလှချေ။ အဝေးရောက် ယောမြို့ဝန်ကို ချင်းတောင် ပေါ်သားတို့က ချစ်ခင်မြတ်နိုးလှစွာ "ယောသခင်" ဟု ခေါ်ကြ၏။

တောင်ပိုင်ထန်ပက်သည် တောင်ထိပ်ရွာများ၏ အခွန်တော်များလိုက်လံစုဆောင်း၍ ယောမြို့ဝန်ထံပေးသွင်းရသည်။ မိုးလေဝသကြောင့်

တောင်ပေါ်ဒေသ စူးထိုးယာစိုက်မအောင်လိုက်သည့်နှစ်များတွင် အခွန်တော်လျှော့ပေါ့ ကင်းလွတ်ပေးရန် ယောသခင်က ရွှေနန်းတော်သို့ တင်လျှောက် စောင့်ရှောက်လေ့ရှိ၏။ တစ်နေ့တွင် တောင်ပိုင်ထန်ပက်သည် ယောသခင်ထံ ပျားရည်နှင့် ရစ်ကောင်ကြီးကင် ဆက်သရောက်ရှိသည်။ ချင်းတိုင်းရင်းသားလေ့ ခရီးသွားလမ်းရိက္ခာအဖြစ် " ချိမလုမ် " ခေါ် ချင်းနှမ်းမည်းမုန့်လုံးကြီးများကို လွယ်ပလိုင်းပြည့် ထည့်ထားပြီး တစ်လုံးပြီး တစ်လုံး နှိုက်နှိုက်စားသည်ကို ယောသခင်မြင်လေ၏၊


ယောသခင်သည် တောင်ပိုင်ထန်ပက်ကို နောက်ပြောင်ကျီစယ်လိုသည့် စိတ်ကူးရသွား၏။ မည်သူ၏ မစင်အညစ်အကြေးက ပို၍ဖြူဖွေးသည်ကို လောင်းကြေးထပ် ယှဉ်ပြိုင်ကြမည်၊ တောင်ပိုင်၏အညစ် အကြေး သည် သခင်ကြီးထက်ပို၍ ဖြူဖွေးခဲ့လျှင် နိုင်ကြေးအဖြစ် သခင်ကြီး၏ မင်္ဂလာငွေမောင်းကို ဆုချမည်၊ ထမ်းသွားလေ။ သခင်ကြီး၏ မစင်အညစ်အကြေးက တောင်ပိုင်၏မစင်အညစ်အကြေးထက် ပို၍ဖြူဖွေးခဲ့သော် ရှုံးကြေးအဖြစ် ပျားရည် (၁၀) ပုံး၊ ကျောက်သွေးတစ်အိုး ဆက်လှည့်ဟုဆို၏။ တောင်ပိုင်ထန်ပက်ကား ဉာဏ်ပြေးသူတည်း။ နတ်မတောင်ရစ်မြီးရှည် ရေကန်၌ ကြီးကွင်းထောင်ထားခဲ့သည်။ မိလိမ့်မည် ဖကန်ဖြစ်၏။ အချိန်မီမသိမ်းလျှင် ဆုံးရှုံးရာ၏။ ရစ်ကြီးကွင်းသိမ်းရန် တောင်ပေါ်ခေတ္တပြန်ခွင့်ပြုပါ။ ရက်သတ္တပတ်အကြာ၌ပြန်လည်လာရောက်ယှဉ်ပြိုင်ကြမည်၊ သခင်ကြီး ကတိတည်ပါစေဟု ပြန်လျှောက်၏။ ယောသခင်က ခွင့်ပြုလိုက်လျှင် ချင်းတောင်ပြန်တက်ခဲ့ပြီး တစ်ပတ်လုံးလုံး မျောက်ဥချည်းကိုသာ စားနေတော့သည်။ အရောင်ပြောင်းလဲ မည်စိုး၍ ရေမျှသော်ပင်မသောက်။

ကိုနိုင်း (ချင်းတောင်)

ယောသခင်ထံ ပြန်လာခဲ့ပြီး အညစ်အကြေးချင်း ဖြိုင်ကြသော် ယောသခင်၏ အညစ်အကြေးက ရွှေဝါရောင်ဝင်း၍ တောင်ပိုင်ထန်ပက်၏ မစင်အညစ်အကြေးက နင်းဥပမာဖြူနုဖွေးဆွတ်နေတော့၏။ ယောသခင်လည်း ကတိအတိုင်း မဂ်လာငွေမောင်းကြီးကို ချီးမြှင့်ခဲ့လေ၏။

ယောသခင် (အဝေးရောက်ယောမြို့ဝန်) သည်ရွှေနန်းရှင်ပါတော် မှသွားပြီးနောက် အင်္ဂလိပ်တပ်များ ယောနယ်မရောက်မီကပင် ပြန်လည် ထွက်ခွာသွားခဲ့သည်။ အင်္ဂလိပ်တပ်များယောမြို့ရောက်လာမှယောသခင် နှင့် ထာဝရခွဲခွာရကြောင်းသိရှိရပြီးတောင်ပိုင်ထန်ပက်လည်းကြေကွဲဝမ်း နည်းရှာလေသည်။ ယောသခင်နှင့်ခွဲခွာခဲ့ရပြီးအနှစ်အတန်ကြာ၌တောင် ပိုင်ထန်ပက်သည် ချင်းရိုးရာပွဲတော်ကြီးကျင်းပသည်။ ထိုပွဲတော်တွင် ငွေ မောင်းကြီးကိုတဒူဒူတီးပြီး "ယောသခင်တမ်းချင်း" ကိုသီဆိုခဲ့လေသည်။

ကိုနိုင်(ချင်းတောင်)



ကိုနိုင်း(ချင်းတောင်)

## 'ယောတွေကဦး'

(ယောသခင်တစ်ချင်း)

– ရွှေနန်းသခင်၊ ပြည်ကြီးရှင်က
သက်ဝင်လေးမြတ်၊ လုံးစုံအပ်၍
ယုံမှတ်လွှဲထား။ သူ့ကိုယ်စားတည့်
နန်းများအရှင်၊ ယောသခင်နှင့်
ကျွမ်းဝင်ရင်နှီး။ ချစ်မပြီးသည့်
ပြည်ကြီးသာစွာ၊ ယခင်က။
– ယောမင်းအရှင်၊ ယောသခင်နှင့်
ချစ်ကြင်သောအား။ ပျော်စေသားဟု
ကစားညာဂါ်ဆင်၊ အကွက်တွင်၍
မစင်ညစ်ကြေ။ ဘယ်သူဖွေးဟု
လောင်းကြေးစကား။ ကတိထားသော်
ဝါ့အား သူ့ရှုံး။ တပြုံးပြုံးနှင့်
ဆိုထုံးကိုင်စွဲ၊ ကတိမြဲ၍
ငွေခဲမောင်းဖြူ၊ ပေးကြည်ဖြူသည်
တရှူရှူမြည်ခဲ့လေတကား။

– သည်ယခုနှမှု၊ အသားဖြူဝင်
ရှည်ထုနှာခေါင်း။ တောင်ကျောက်ခေါင်းက

ကိုနိုင်း(ချင်းတောင်)

**မျောက်လောင်းမျက်နှာ၊ အနောက်ရှာသား**

**ရောက်လာရမ်းကား၊ တိုင်းတစ်ပါးကြောင့်**

**ငါ့အားချစ်ကြင်၊ ယောသခင်နှင့်**

**မမြင်တွေ့ရ၊ ခွဲခွာကြ၍**

**တမ်းတရင် ထဲ၊ ငါကြေကွဲခဲ့**

**ငွေခဲမောင်းဖြူ၊ တဒူးဖြင့်**

**ခေါ်ယူရာဖွေ၊ လွှမ်း၍စေသည်**

**ယောမြေသခင်ကြားစေသော်ဝ်။**

တောင်ပိုင်ထန်ပက်သည် ထိုပွဲတော်ကြီးကျင်းပပြီး၍ မကြာမီ ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ခဲ့ပြီးနောက် နယ်ချဲ့အင်္ဂလိပ်တပ်ကို အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်ခဲ့သူများမှာ သူ၏ဆွေမျိုးသားချင်းများ ဖြစ်ကြ၏။

ဤနေရာတွင် ယောသခင်တမ်းချင်းသီးချင်းကို ပြန်လည်ဖော်ပြရခြင်းမှာ အင်္ဂလိပ်တို့ဝင်ရောက်မလာမီက ချင်း၊ ဗမာ ချစ်ကြည်သွေးစည်းစွာ နေထိုင်လာခဲ့ကြသည်ကို ဤသီချင်းက သက်သေခံ၍ဖြစ်၏။

LINPWINT

ကိုနိုင်(ချင်းတောင်)

# အခန်း (၅)

## တိုက်ပွဲမှတ်တမ်းသီချင်းများ
## ဖြစ်မင်းသက်သေ

မြို့ (ခူမီး) ချင်းအမျိုးသားတို့၏ နယ်ချဲ့တွန်းလှန်ရေးတိုက်ပွဲဖြစ်သည့် တန်းဆိတ်တိုက်ပွဲမှတ်တမ်းသီချင်းတစ်ပုဒ်ရှိခဲ့၏။ ချင်းမျိုးချစ်တို့နှင့် နယ်ချဲ့ဗြိတိသျှတို့ (၃) ရက်တိုင်တိုင် အပြင်းအထန် ဖြစ်ပွားသည့်တိုက်ပွဲဖြစ်၏။ ထိုတိုက်ပွဲတွင် ချင်းမျိုးချစ် (၅) ယောက် ကျဆုံးသည်။ တပ်မှူးမိုက်ဟူနှင့်ဆိုက်ထင်တို့သည် ဗြိတိသျှတပ်မှူးများကို တစ်ဦးချင်းထွက်၍ ဓားချင်းယှဉ်ခုတ်ရန် စိန်ခေါ်ခဲ့ကြ၏။ ဗြိတိသျှတပ်မှူးတို့သည် တစ်ဦးချင်းဓားချင်းယှဉ်ခုတ်ပုံခြင်းမရှိဘဲ ရှောင်ထွက်သွားခဲ့ကြ၏။ ထိုအချက်ကိုမှတ်တမ်းတင် ဖွဲ့သီသည့် သီချင်းဖြစ်၏။ အနက်သဘာကို မြန်မာပြန် ဖော်ပြပါသည်။



ကိုနိုင်(ချင်းတောင်)

## မြစ်မင်းသက်သေ

– ဒါတို့မိခင်၊ မြစ်ဘုရင်မ
တသွင်သွင်မြေ။ ရေကြည်အေးသည်
တောင်ဘေးကိုဖောက်၊ ပင်လယ်ရောက်အောင်
ဝုဏ်မောက်ဝင့်ကြွား။ မရပ်နားဘဲ
ရှိသွားရှေ့ကို အမြဲတည်။

– ရေအေးကြည်လင်၊ မြစ်ဘုရင်မ
ရင်ခွင်ရပ်ဝန်း၊ ဤတောင်တန်းသို့
သေဘုသွမ်း မိစ္ဆာ၊ ရောက်လာရမ်းကား
နယ်ချဲ့များအား။ လုံသွားကိုသွေး
ဓားကိုရွေး၍၊ အမြေးပိုင်းရုတ်
မောင်းနှင်ထုတ်၏၊ တောင်အုပ်မိုက်ဟူ
ညီဆိုက်ထင်တို့၊ ဓားလျှင်ဓားရှင်း
တစ်ဦးချင်းဟူ၊ စစ်ခင်းဖိတ်ကြား
စကားပြတ်သား။ ရင်ဆိုင်ပြားခေသ်
ကုလားမြူမိုလ်၊ ကြောက်အားပို၍
မြစ်ကိုကျော်လွှား။ မြေးပေါက်မှားသည်
ကုလားတန်မြစ်သက်သေတည်။

ကိုနိုင်း(ချင်းတောင်)

– မြစ်ဘုရင်မ၊ မစမ်းသရွေ့
ဘသားရင်သွေး၊ မြို့တို့သွေးလည်း
နီဖွေးရဲတောက်၊ မစမ်းခြောက်။ ။

ကုလားတန်မြစ် (မြစ်ဘုရင်မ)။ ဒေသခံချင်းတိုင်းရင်းသားတို့က၊ ကုလားတန်မြစ်ကို၊ (ဘွဲ့နူးမြစ်) မြစ်ဘုရင်မဟုခေါ်ကြပါသည်။ ချင်းတောင်၊ တောင်ပိုင်းဒေသ ပလက်ဝနယ်၊ မြို့ (ခူမီး) ချင်းမျိုးချစ်တို့၏ နယ်ချဲ့တွန်းလှန်ရေး တိုက်ပွဲများသည် အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲကာလ အတွင်းဖြစ်၍ ကျန်ချင်းတောင်ဒေသ နယ်ချဲ့တွန်းလှန်စစ်ပွဲများထက်၊ ကာလများစွာ စောလေသည်။ ချင်းထုံးဓလေ့အတိုင်း တိုက်ပွဲမှတ်တမ်းသီချင်းများ၊ များစွာရှိပေလိမ့်မည်။ တန်းဆိတ်တိုက်ပွဲမှတ်တမ်းသီချင်း အစအနသာ ရရှိနိုင်ခြင်းရှိပါသဖြင့် ထိုသီချင်း၏ အနက်ကိုသာ မြန်မာပြန်ဖော်ပြနိုင်ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

LINPWINT

## နယ်ချဲ့တွန်းလှန်ရေးခေါင်းဆောင်
## စစ်သူကြီး ကီးရောက်နိန်း၏
## တစ်ထွက်သီချင်း

၂၁၊ ဖေဖော်ဝါရီ၊ ၁၀၀၆။

အင်္ဂလိပ်နယ်ချဲ့စစ်တပ်လက်ဖ်တင်နင် ဒေဗီလော်တင်နှင့် ဂျမ်ဒါ မာမက်အလီ ဦးစီး (၇၅)ဦးပါ ဗြိတိသျှစစ်တပ် မင်းတပ်သို့ရောက်လာ၏။

နောက်တစ်နေ့ ဝေလီဝေလင်း အချိန်ပြန်လည်ထွက်ခွာသွားကြ သည်၊ ဤမှုများပြားသော တပ်အင်အားသည် မိမိတို့အားတိုက်ခိုက်ရန် ကြိုတင်လေ့လာသည့် ရှေ့ပြေးတပ်ဖွဲ့ဖြစ်မည်ဟု သုံးသပ်ကြ၏။ ကီးသာ ရွာ မျိုးနွယ်စုခေါင်းဆောင် ကီးရောက်နိန်းသည်၊ လူသူလက်နက်ရိက္ခာ စု ဆောင်းခြင်းကို အပူတပြင်း ဆောင်ရွက်သည်။ စစ်သူကြီး ကီးရောက်နိန်း သည် ကိုယ်လုံးကိုယ်ထည်ဖွံ့ထွား၏။ အရပ် (၇) ပေခန့်ရှိသည်။ စစ်သူကြီး အမှတ်အသား ဝတ်စုံဖြစ်သည့် ဝတ်ရုံနက်နှင့် ကြွေစီခေါင်းပေါင်း မျှတ် တမ်း ဝတ်ဆင်သည်။ မယှဉ်ငုံဖွယ် ထူးခြားစန့်ငြားသည့် သွင်ပြင်ရှိသည်။

အသံညြဖာကောင်း၍ ၎င်း၏ခပ်တိုးတိုးပြောသံကိုပင်၊ ခပ်ဝေးဝေးမှကြား ရသည် ဆို၏။

**၁၀၀၆**။

နေ့ဦးရာသီတစ်နေ့၌ ဝက်ကြီးတစ်ကောင်ဖြင့် နတ်တင်ပသ တပ်ထွက်ပွဲကျင်းပသည်။ စစ်သူကြီး ကီးရောက်နိန်း၏ တပ်ထွက်သီချင်း အမည်က "မိတ်ခဲင်းလို့ခါ" ဖြစ်၏။ စကားလုံး၏ မူရင်းအဓိပ္ပါယ် "ချစ်ခင် မြတ်လေး၊ ကျွေးမွေးစို့" ဖြစ်၏။ တေးသီချင်းအဖြစ်ဖွဲ့ဆိုရာ၌ကား "ချေမှုန်း ဆုံးမကြကုန်အံ့" ဖြစ်သည်။



ကိုနိုင်း(ချင်းတောင်)

## ဝိတ်ခဲင်းလိုခါ

### (ချေမှုန်းသုံးမကြကုန်အံ့)

"- လီမလာမကြွပ်နယ်၊
ဖွေး နာ ဝင်း နယ်
ဝိတ်ခဲင်းလိုခါ" (ရှိ) (မြန်မာပြန်)

– ရေမြေသခင်၊ တို့အရှင်ကို
တမင်ဥာဏ်ဆင်၊ အကွက်ထွင်၍
ရေပြင်ရပ်ခြား၊ တိုင်းတစ်ပါးမှ
ကုလားဖြူမည်း၊ စစ်ဆင်နွှဲလျက်
အောင်ပွဲဆင်၍ ဆောင်လေပြီ။

– ရဲစွမ်းယောက်ျား၊ သွေးရှင်းများတို့
ထလှံငါးမျိုးမည်၊ စစ်ရှိပစ္စည်း
ရုတ်ချည်းပြင်ဆင်၊ စစ်ရေးဝင်၍
အရှင်ကိုယ်စား၊ ကုလားဖြူများကို
ထွားထွားညက်ကြေ၊ မြေမှုန့်ရေသို့
တို့တွေချေမှုန်းကြကုန်အံ့။
ကိုနိုင်း(ချင်းတောင်)

– ဝတ်စုံဝတ်ကြ၊ ခြေလှမ်းကြဖော့
ယောကဖမာ၊ သွေးရင်းခြာနှင့်
ညီညာရုံးစု၊ တပ်ပေါင်းပြုံ၍
ရန်သူလည်းသွေး၊ ဖောက်ရရေးကို
မဖနေးအမြန်၊ ကိုယ့်မားလုံ့အား
အမြန်စေခိုင်။ မလုတ်ဆိုင်းနှင့်
မုန်တိုင်းမွှေ၍ ဝင်ကြလော့။

အထက်ဖော်ပြပါ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲဝင်တပ်ထွက် သီချင်းတွင် "ဆယ့်ငါးမျိုးလီ၊စစ်ချီပစ္စည်း" ဟုဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။ **ချင်းစစ်သည်တို့ ဆောင်ရမြဲ (၁၅) မျိုးလီ စစ်ချီပစ္စည်းများမှာ –**

### (က) လက်နက်ပစ္စည်း (၁၅) မျိုး

၁။ "သေ" (ခေါ်) ကျောလွယ်လုံ့တို (၁)

၂။ "ချိမ်းမ်" ပဲင်းနှ် (ခေါ်) လွယ်ပလိုင်းပါ ဓားချွန်ကြီး (၁) (အလုပ်လုပ်ရန်)

၃။ "လီ" (ခေါ်) လင်းလေး (၁)

၄။ "မလာ" (ခေါ်) သံမြား (အချောင်း –၁၀၀)

၅။ "လိတ်ခါး (ခေါ်) ကြွေစီစလွယ်သိုင်းပလိုင်းပြားရှည် (၁)

၆။ "ခဘောင်" (ခေါ်) ရှားစေးအနက်သုတ်ဝါးကျည်တောက်မြားဘူး

၇။ "လှဖော်" (ခေါ်) ကြွေစိ (သို့) ရှားစေးအနက်သုတ်ထားသည့် သားရေ
စလွယ်သိုင်း အမဲရိုးဓားအိမ်ပြား (၁)
ထိုဓားပြားမှာဆံပင်မုတ်ဆိတ်ရိတ်ပယ်နိုင်အောင်ထက်မြက်ရသည်။
ထိုးခုတ်တိုက်ပွဲဝင်ရန်လည်းဖြစ်သည်။

၈။ "ရွှေဖော်" (ခေါ်)ရှားစေးအနက်သုတ် ရင်ကျောကာကွယ်သည့် ပခုံး
လွယ် သားရေပြား

၉။ "သကပ် (ခေါ်) လေးကြိုးရိုက်အခံ၊ ရှားစေးသုတ် သားရေ လက်
ကောက်ဝတ် (၁)

၁၀။ "မီးပေါက်" (ခေါ်) တူမီး/ ကျောက်မီးသေနတ် (၁)

၁၁။ "ယမ်းလိုင်" (ခေါ်) လွယ်ကြိုးပါ ယမ်းဘူး (၁)

၁၂။ ကျည်မ၊ကျည်ပြောင် (ခေါ်) ကျည်ဖူးသံလုံး၊ခဲလုံးအကြီးအသေး မျိုးစုံ

၁၃။ "ရွှေး" (ခေါ်) ရှားစေးသစ်စေးသုတ်သားရေဒိုင်း

၁၄။ "မီးခတ်ကျောက်" (ခေါ်) မီး ပြုလုပ်ရန် ကျောက်ပြားငယ်နှင့် သံ
ပြားငယ်

၁၅။ "ကျောက်ခတ်" (ခေါ်) သံတူငယ် (၁)ဖြစ်၏။

စစ်သည်တိုင်းမပါမနေ ကိုယ်စီဆောင်ရ၏။

## (ခ)တစ်ထွက်ရိက္ခာ(၁၅)မျိုး

၁။ "ဘူချောက်" (ခေါ်) ထမင်းခြောက်

၂။ "ခါ" (ခေါ်) ပျားရည်နှင့်လုံးထားသည့် ဆတ်နီမှုန့်၊ပြောင်းဖူး လှော်မှုန့် (ပျားဆုပ်မှုန့်)

၃။ "ချီမလှူမ်" (ခေါ်) နမ်းပြစ်မုန့်လုံးကြီး

၄။ "ပုမ်" (ခေါ်) ကျိတ်ပြောင်းနှဆန် (ချက်စား/ဝါးစား)( လက်တဆုပ်စား၊ ရေတစ်ခွက်သောက်ထက်မပို၍)

၅။ "သာန်" (ခေါ်) အခွံချွတ်ဆတ်ဝါဆန် (ချက်စား/ဝါးစားအတွက်)

၆။ "ပုမ်ခေ" (ခေါ်) ပြောင်းဖူးစေ့လှော်

၇။ "လှာတ်တွီ" (ခေါ်) ကန်စွန်းဥ

၈။ "ဗယ်" (ခေါ်) ပိန်းဥပြုတ်

၉။ "မား" (ခေါ်) ရွှေဖရုံသီးပြုတ်

၁၀။ "လှာတ်ခြောက်" (ခေါ်) ဆတ်သားခြောက်

၁၁။ "ဆွီလှာတ်ခြောက်" (ခေါ်) နွားနောက်သားခြောက်

၁၂။ "ငါးကျဲ့" (ခေါ်) ငါးကင်ခြောက်

၁၃။ "အာကျဲ့(ခေါ်) ကြက်ကင်ခြောက်

၁၄။ "ခါကျဲ့(ခေါ်) ငှက်ငက်ခြောက်

၁၅။ "လုငွင်" (ခေါ်) သားကောင်သားရေခြောက်များဖြစ်၏။

အေးဆေးစွာ ချက်ပြုတ် စားသောက်ရခြင်း၊ အရေးပေါ်ပြေးလွှားစားသောက်ရခြင်း အတွက် သူ့သတ်မှတ် အမျိုးအမည်ရိက္ခာ ပြည့်စုံစွာ ယူဆောင်ရခြင်းဖြစ်၏။

ကိုနိုင်း(ချင်းတောင်)

## စစ်ဝတ်တန်ဆာ(၁၅)မျိုး

၁။ လူဆောမ် (ခေါ်) ခေါင်းပေါင်းကြီး (၁) ခေါင်းပေါင်းသေး (၁)၊ (စစ်သူကြီး–ကြွေစီခေါင်းပေါင်း)

၂။ လူခြစ် (ခေါ်) ဆံထုံးချည်ကြိုး (၁)

၃။ လူဆွင်း (ခေါ်) ဆံထိုးကြီး (၁)

၄။ ခပကူထယ် (ခေါ်) ကြေးခွေဆံညှပ်ရှည် (၁)

၅။ မထီ (ခေါ်) ဘီးပြား (၁)

၆။ ခီ (ခေါ်) လန်ကွတ်အဝတ် (အတွင်းခံ) (၁)

၇။ ပုမ်ဆွိ (ခေါ်) ကြိုးသိုင်းကျောဖုံးအတွင်းဝတ်

၈။ ဆွိုးယီ (ခေါ်) ကိုယ်သိုင်းအပေါ်ဝတ် (၁)

၉။ ဒါးယီ (ခေါ်) ခါးဝတ်စောင်

၁၀။ ယီခန် (ခေါ်) ကျောကုန်းဖုံးစောင် (၁)

၁၁။ ခန်းယီ (ခေါ်) ပခုံးတင်စောင် (၁)

၁၂။ ဖားယီ (ခေါ်) ဘေးလွယ်အပိုစောင်

၁၃။ ပတ်ဂီ (ခေါ်) ကြိမ် (သို့) သားရေခါးပတ်

၁၄။ ခေါပတ် (ခေါ်) ခြေကျင်းဝတ်ပတ် အဝတ် သားရေ

၁၅။ တွီအုမ် (ခေါ်) ကြိမ်ကွပ်ဖူးခါးသီးရေဘူးတို့ဖြစ်၏။

အထက်ဖော်ပြပါစစ်သူကြီးကီးရောက်နိန်း၏တပ်ထွက်သီချင်းတွင် **"ယောကဝမာ၊ဒွေ့ရင်းခြားနှင့်၊ ညီညာဝေါင်းစု၊ တစ်ဝေါင်းပြုရှိ"** ဟု ကိုနိုင်း(ချင်းတောင်)

ပါရှိသည်။ ချင်းတောင်မှ စုန်ဆင်းလာခဲ့သည့် ချင်းမျိုးချစ်တပ်မှူးများမှာ စစ်သူကြီး ကီးရောက်နိန်း၊ ဗိုလ်ထန်းပက်၊ ဗိုလ်အောင်သာဦးစီးတပ်ဖွဲ့နှင့် အောက်ဖော်ပြပါယောနယ်ဗမာ မျိုးချစ်ခေါင်းဆောင်များနှင့် ပူးပေါင်းကာ ပုံတောင်ပုံညာခံတပ်ပြု၍ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

(က) ထီးလင်းမြို့သူကြီး ဗိုလ်နေတင်

(ခ) ပေါက်မြို့သူကြီး ဗိုလ်မှတ်ကြီး

(ဂ) ကြောနယ်သူကြီး ဗိုလ်စကား

(ဃ) ဂန့်ဂေါမြို့သူကြီး ဦးကြာဆင့်

(င) ယောနယ်သူကြီး ဦးရာကွတ်

(စ) ညောင်ရွာမှ ဖိုးအောင်ပေါ်၊ ဦးသဲကြီး၊ ဦးဖိုးမြကြီး၊ ဦးဖိုးလော့်၊ ဦးသာရင် ဦးလူး ဖော်ပြပါချင်း – ဗမာပူးပေါင်းတပ်ဖွဲ့သည် အင်္ဂလိပ်တပ် ပုံတောင်ပုံ ညာ ဖြတ်ကျော်မလာနိုင်အောင် ဆီးဆို့တိုက်ခိုက်ကြသည်မှာ နှစ်တပတ် လည်မျှကြာမြင့်၏။ ၁၈၈၈ ဇန်နဝါရီ နှစ်ကူး၌ အင်းအားချင်းမမျှ၍ ချင်း – ဗမာ မျိုးချစ်တပ်ဖွဲ့များ ပုံတောင်ပုံညာမှ ဆုတ်ခွာပေးလိုက်ရသည်။

**ဇန်နဝါရီ၊ ၁၈၈၈။**

**(ဗဆုပ်စခန်းအင်္ဂလိပ်တပ်ကိုစီးနင်းခြင်း)**

ပုံတောင်ပုံညာတောင်တန်းကိုဖြတ်ကျော်လာနိုင်ခဲ့သောအင်္ဂလိပ် တပ် များသည် ယခုကျောက်အထုအနီး၊ ပဆုတ်ရွာ၌ တပ်စခန်းချသည်။ ထိုနေ့တွင် ကီးရောက်နိန်းဦးစီး ချင်းမျိုးချစ်များမြားစစ်သည်၊ ဗိုင်းလှွားကိုင် ဓားစစ်သည်အင်အား (၃၀၀) ဖြင့် သွားရောက် စီးနင်းတိုက်ခိုက်သည်။

အင်္ဂလိပ်တပ်တောခလွန်ရွာ (ယခုကျောက်ထုလေယာဥ်ကွင်းဟောင်း အနီး) ထွက်ပြေးသည်။ ညဥ့်လယ်အချိန်မိ ဖြားပစ်၍ အတင်းဝင်တိုက်ရာ အင်္ဂလိပ်စစ်ဗိုလ်(၁)၊ တပ်သားအများအပြားကျဆုံးသည်။

ဤသာဘာပြန်တပ်ထွက်သီချင်း တစ်စကိုဖြည်းကြည့်ပါ -

**- ဝတ်စုံဝတ်ကြ၊ ခြေလှမ်းကြဟေ့**

**ယောကဗမာ၊ သွေးရင်းခြာနှင့်**

**ညီညာရုံးစု၊ တပ်ပေါင်းပြု၍**

**ရန်သူလည်သွေး၊ ဖောက်ရရေးကို**

**မနေးအမြန်ကို၊ ကိုယ့်တေးလှံ့အား**

**အမြန်စေခိုင်း၊ မရုတ်ဆိုင်းနှင့်**

**မုန်တိုင်းမွှေ၍၊ ဝင်ကြလော့။ ။**

အရေးကြုံက ချင်းဗမာစည်းလုံးညီညွတ်ခဲ့ကြပုံကို ဤသီချင်းက သက်သေခံလျက်ရှိသည်။ ယခုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သဖြင့် ချင်းဗမာ စည်းလုံးညီညွတ်ရေးပျက်ပြားစေရန် အင်္ဂလိပ်က မည်ကဲ့သို့ပြင်းပြင်းထန် ထန်လုပ်ဆောင်ခဲ့သည်ကို အခန်း (၆) ၌ ဖော်ပြထားပါသည်။

**ဆက်သရော**

အင်္ဂလိပ်တို့မင်းတပ်၌ အခြေချနိုင်ပြီးကီးရောက်နိန်းအားရာထူး ပေးရန် ကမ်းလှမ်းသော်လည်း လက်မခံဘဲ ဖာတိကီးသာရွာမှ ရှစ်မွေးရွာ သို့ပြောင်း ရွှေ့နေထိုင်သည်။



ဗိုလ်ခိုဝ်ကမ်း

ကိုနိုင်း(ချင်းတောင်)

မြေဇနီနဝါရီ၊ ၁၀၀၃

(စိယင်)ချင်းစစ်သည်တဆိုစုပ်လျှန်၏
"သုရဲကောင်း" သီချင်း

ဗိုလ်ခိုင်ကမ်းဦးစီး စိယင်အင်အား ၁၂၀၀၊ ဦးခေါ်ကျင့်တီးတိန် အင်အား၄၀၀၊ မွာဘင်းအင်အား၃၀၊ပေါင်း(၁၆၃၀)တို့မိုဆတ်ရွာ၌စုစည်းသည်။ ထိုနေ့၌ နယ်ချဲ့ကို စုပေါင်းတွန်းလှန်တိုက်ခိုက်ကြရန် ကတိစာချုပ်ပွဲပြုလုပ်သည်။ ဖက်ယမ်းရွာသို့ ရောက်ရှိနေသည့် အင်္ဂလိပ်တပ်အမှတ်(၃) ခံတပ်စီးနင်းတိုက်ခိုက်ရေးအတွက် အောက်ပါအတိုင်းဖွဲ့စည်းသည်။

စစ်ကြောင်း (၁) တပ်မှူး တီးတိန်ဦးခေါ်ကျင့် (ကမ်းဟောက်) အင်အား (၄၀၀)၊ စစ်ကြောင်း (၂) စစ်သူကြီး စိယင်ဗိုလ်ခိုင်ကမ်းဦးစီး စိယင်အင် အား (၆၀၀)၊ စစ်ကြောင်း (၃) စိယင်တပ်မှူး ဗိုလ်ထွန်းဖံ ဦးစီး စိယင် အင်အား (၃၈၀)။

စစ်ကြောင်း (၁) က ဖက်ယမ်းတောင်၏ ဘယ်ဘက်တောင်

ကိုနိုင်း(ချင်းတောင်)

ကြော စစ်ကြောင်း (၂) က အလယ်စစ်ကြောင်း၊ စစ်ကြောင်း (၃)က ယာဘက်တောင်ကျောမှ တက်ရောက်ရန်နှင့် ကျန်အင်အား (၆၃၀)ကို မျိုးနွယ်စု အလိုက် တပ်မှူးများကွပ်ကဲ၍ နောက်ခံတပ်အဖြစ် ခိုဆတ်ရွာ၌တပ်စွဲစေသည်။

**၂၇၊ဇန်နဝါရီ၊၁၈၈၉၊**

စစ်ကြောင်းသုံးကြောင်းသည် ချီတက်ရာလမ်းကြောင်းအတိုင်း အင်္ဂလိပ်ခံတပ်သို့တိတ်တဆိတ်ချီတက်လာ၏။ ချင်းမျိုးချစ်တပ်များ "လေဆင်း‌ခွါလိပ်ပီး" ခေါ်မြေနီတောင်အရောက် အင်္ဂလိပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ထိုနေ့၌ အင်္ဂလိပ်တပ်ကို ဗိုလ်မာရှယ်ဂျော့ချ်ပို့က်လက်အောက်ခံတပ် ဂေါ်ရခါးတပ်ရင်း အမှတ် (၄၂) တပ်မှူး၊ ဒုဗိုလ်မှူးကြီး စကင်းဦးစီးသည်၊ ချင်းမျိုးချစ်တို့လက်နက်မှာ ဒူးလေး၊ လင်းလေး၊ လှံတိုလှံရှည်၊ ဓားတိုဓားရှည်သာဖြစ်၏။ ရင်ဆိုင်တိုက်ပွဲတွင် အင်္ဂလိပ်က အမြောက်နှင့် ခွင်း၍ ရိုင်ဖယ်သေနတ်ဖြင့် ဒလစပ်ပတ်ခတ်သည်ကိုမမှုဘဲ ခုပ်လျန်သည် ဓားလွတ်ကိုဝေ့ယမ်းလျက် အင်္ဂလိပ်တပ်သား၏ ကတုတ်ကျင်းထဲသို့ လျှပ်တစ်ပြတ် ခုန်ဝင်ကာ ဓားနှင့်ခုတ်ပြီး ရိုင်ဖယ်သေနတ်လုယူလာခဲ့၏။

မြေနီတောင်တိုက်ပွဲ၌ လုယူသိမ်းပိုက်လာသည့် ရိုင်ဖယ်သေနတ်ကိုပခုံးထမ်းလျက်ရွာထဲပြန်ဝင်လာသည့်ခုပ်လျန်အားရွာမိန်းမပျိုများ က ဝိုင်းဝန်းကြိုဆိုကြ၏။ ခုပ်လျန်သည်မိန်းမပျိုများရှေ့၌ သီချင်းဖွဲ့နွဲ့သီဆို၏။ သူ့သီချင်း အမည်က "ငါသူရဲကောင်း" ဖြစ်သည်၊ ခုန်လျန်သည် တိုင်းရင်းသားများ၏ ရင်ထဲ မှတ်တမ်းဝင်သူရဲကောင်း အမှန်ပင်ဖြစ်သည်။

ရွာအဝင်အဝ၌ "ရန်သူအင်္ဂလိပ်ကို ဓားနှင့်ပိုင်း၍ရိုင်ဖယ်လုယူနိုင်ခဲ့သည်" ဟုကျောက်စာတိုင် ရေးထိုးစိုက်ထူထားသည်ကိုယနေ့တိုင် မြင်နိုင်သည်။ ၎င်း၏ စိယင်ချင်းဘာသာ သီချင်းကို မြန်မာပြန် ဖော်ပြလိုက်ပါ၏။

LINPWINT

# ငါသူရဲကောင်း

- ရှေးရှေးပဝေ၊ အဝီတေက
စမွှမ်စမ္ဗူ၊ ငှါ့ရေမြေတည်း
မျိုးစေ့မပျောက်၊ လူဖြူယုတ်၏
ညစ်ဝှတ်ဘေးရန်၊ ငါတွန်းလှန်ခဲ့သော်
နက်ဖြန်ဘယ်မှာ၊ ကူးမြို့ပါခဲ့
ညီညာအင်အား၊ ပေါင်းစုထား၍
ဓားရှားထက်ကြောင်း ပြခဲ့ပြီ။

- ကြေးနီတောင်အောက်၊ ရန်သူရောက်၍
ဗီးပေါက်စိန်ပြောင်း၊ တပြောင်းပြောင်းနှင့်
နှာခေါင်းရှည်ကောက်၊ မျက်ပြာနောက်တို့
အပြောက်နှင့်စွင်၊ စစ်မြေတွင်၌
သွေးချင်းယှဉ်ပြိုင်၊ စစ်ခင်းဆိုင်သော်
ငါကိုင်ဓားလက်၊ သာလွန်ထက်၍
လက်နက်ရှိင်ဖယ်၊ သူ့လက်ဝယ်ကို
အလွယ်တကူ၊ သိမ်းပိုက်ယူသည်
ငါမှသူရဲကောင်းတကာ။

ကိုနိုင်း(ချင်းတောင်)

ကျူးကျော်လာသူ၏သေနတ်ကိုနေ့မကူးမီ တစ်မနက်ဖြင့် လုယူသိမ်းပိုက်နိုင်ကြောင်း ဖွဲ့ဆိုထားခြင်းဖြစ်သည်။

စီယင်ချင်းတို့၏စတော့ကိတ်ခံတပ်ကိုအင်္ဂလိပ်တို့ သိမ်းပိုက်နိုင်လိုက်ပြီးနောက် ခုပ်လျှန်နှင့် တပ်ဖွဲ့ဝင်အချို့အဖမ်းခံရသည်။ အင်္ဂလိပ်ကြေးစားတပ်သည် ခုပ်လျှန်ကိုတောလမ်းခရီးဖြင့် ကလေးမြို့သို့ပို့ဆောင်သည်။ အမြောက်စိန်ပြောင်း၊ ရိုင်ဖယ်သေနတ်ပစ်ခတ်မှုကြားမှ မကြောက်မရွံ့ ရဲဝ္ဆမ်းသတ္တိပြည့်စုံစွာ အင်္ဂလိပ်ခံတပ်ထဲ ခုန်ဝင်ကာ ဓားနှင့်ခုတ်ပြီး သေနတ်လုယူ၊ ယူဆောင်သွားနိုင်သည့် ခုပ်လျှန်ကို ဗိုးမာရှယ်ဆာကျော့ဗိုက်က တလေးတစား ဆက်ဆံခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ (ချင်းတောင်သမိုင်းစာ - ၇၅) ထိုသို့မျက်နှာချင်းဆိုင် ယှဉ်ပြိုင်တိုက်ခိုက်ဖက်ဖြစ်သည့် ဗိုးမာရှယ်ဆာကျော့ချ်ဗိုက်ကပင် တလေးတစားဆက်ဆံရ သည့် စာဆိုစစ်သည် ခုပ်လျှန်၏ ၁၈၈၉ ခုနှစ်၊ စစ်မြေပြင်မှအမြန် သီဆိုခဲ့ သည့် " ငါသူရဲကောင်း" သီချင်းသည် ယနေ့ချင်းလူငယ်များအား တိုင်းပြည် အတွက် အရေးရောက်လျှင် နောက်မတွန့်ဘဲ ရဲဝံ့စွန့်စားတိုင်းပြည်တာဝန် ထမ်းရွက်သွားကြရန် လမ်းညွှန်မီးမောင်းထိုးပြလျက်ရှိပေသည်။



(ပန်းချီ ·င်းတောင်)

## စစ်သည်တော်ဆို
## ဗိုလ်ကမ်စွတ်

ဦးကမ်စွတ်သည် ဘွင်မန် ရွာဇာတိဖြစ်၏။ ဗိုလ်ခိုင်ကမ်း၏တပ်၌ တပ်မှူးတစ်ဦးဖြစ်သည်။ ကန်ပုလဲရွာတိုက်ပွဲ၊ မြေနီတောင်တိုက်ပွဲ၊ အိုင်ချစ် (သိုင်းငင်း)တိုက်ပွဲများ၌ ဦးဆောင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ဦးထောနွမ်ဦးစီး၍ ရှယ်လုံခံတပ်ကို တည်ဆောက်နေစဉ် အင်္ဂလိပ်တပ်များ မကပ်နိုင်အောင် ကြားဖြတ်တိုက်ခိုက်ရန် တာဝန်ယူရသည်။ ရှယ်လုံခံတပ်သို့ချီတက်လာသည့် ဗြိတိသျှတပ်ကို တိုက်ခိုက်သည့် ညတိုက်ပွဲတွင် ၎င်း၏ အစ်ကိုရင်း ဦးဆွမ်ထွမ်းကျဆုံးသွားခဲ့သည်။ အစ်ကိုရင်းအတွက် လက်စားချေရန် အကွက်ချောင်းနေခဲ့သည်။ တစ်နေ့တွင် ထုတ်လိုင်ရှိအင်္ဂလိပ်တပ် အသွားအလာကို စုံစမ်းပြီး တစ်ကိုယ်တည်းထွက်လာခဲ့သည်။ ထုတ်လိုင်သို့ပြန်ဝင်လာသည့် ဗိုလ်မှူးစတီဗင် ဦးစီးတပ်ကို စောင့်ကြို၍ ဗိုလ်မှူးစတီ

ဝင်ကိုပစ်သတ်လိုက်သည်။ အင်္ဂလိပ်တို့သည် ထုတ်လိုင်ကို သိမ်းပြီး ထုတ်လိုင်မြို့အုပ်အဖြစ် ဦးထွန်းဝင်းဆိုသူကို ခန့်ထားသည်။ ဒေသခံတို့က ကုလားမည်းဟု ခေါ်ကြ၏။ ဦးထွန်းဝင်းသည် ရခိုင်နယ်ဇာတိဖြစ်သည်။ ဗိုလ်ကမ်စွတ်၏ တပ်ဖွဲ့သည် ဆွောင်ဖုန်းတောင်ကုန်း တိုက်ပွဲ၌ မြို့အုပ်ဦးထွန်းဝင်းနှင့်စစ်သည် (၂၉) ဦး ပစ်သတ်နိုင်ခဲ့သည်။ များမကြာမီ ဦးကမ်စွတ် အဖမ်းခံရ၏။ ရန်သူစခန်းမှ ထွက်ပြေးလွတ်မြောက်ပြီး ဗိုလ်နိုင်ကမ်းနှင့် အတူ (၆) နှစ်လုံးလုံးတိုက်ပွဲဝင်သည်။ ၁၉၉၄ ခုနှစ်တွင် ဦးကမ်စွတ်၊ ဗိုလ်တွမ်ထောင်း၊ ဦးပေါင်ဒါးလ်၊ ဦးကမ်လျန်၊ ဦးဒိုလျန်တို့နှင့်အတူ ဖမ်းဆီးခံရပြီး အားလုံး မြင်းခြံထောင်မှာပင် ကွယ်လွန်သွားကြသည်။

ဦးကမ်စွတ်သည် နယ်ချဲ့တပ်မှူး ဗိုလ်မှူးစတီဗင်ကိုသတ်ဖြတ်စဉ်က "ဂါလ်အိုက်ပွဲ" သီချင်းကို အားပါးတရ သီဆိုခဲ့၏။ ဗိုလ်မှူးစတီဗင်၏ သင်္ချိုင်းဂူကို ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။

စိယင်ချင်းတိုင်းရင်းသားတို့၌ "ဂါလ်အိုက်ပွဲ" ခေါ် (အောင်ပွဲ) လက်စားချေပွဲ ကျင်းပသည့် ဓလေ့ရှိခဲ့၏။ ထိုပွဲတွင် ကွယ်လွန်သွားသူများအတွက် ရည်စူးပြီး ဝါးကျည်တောက်၌ ခေါင်ရည်ထည့်ထားသည်။ သေဆုံးခဲ့ပြီးသူ တစ်ဦးချင်း၏ ဝိညာဉ် (လိပ်ပြာ) နာမည်ကိုခေါ်၍ ခေါင်ရည်သောက်ကြပါရန် ဖိတ်ခေါ်ရသည်။ ထိုလက်စားချေအောင်ပွဲတွင် ဗိုလ်ကိုင်စွတ်သည် အစ်ကိုဖြစ်သူကို အော်ခေါ်ရင်း ဤတေးသီချင်းကို သီဆိုခဲ့၏။

## ဂါလိုင်အိုက်ပွဲ ချီသီချင်း(Galaih pawi)

(လက်စားချေခဲ့ပြီ)

- အဖအရာ၊ အားကိုးစွာဖြင့်
ရင်မှာစွဲချစ်၊ အစ်ကိုဖြစ်၏
လူညစ်ရန်းကား။ တိုင်းခြားသားနှင့်
ကုလားဖြူမည်။ သူ့လက်ထဲ၌
ခွဲခွာခဲ့ကြ၊ စွန့်ခဲ့ရ၍
သောကဖိစီး။ အပူမီးသည်
မြေကြီးအထုမျှတကား။ ။

- ကမ္ဘာကျေလည်း။ ငါမကျေနဲ့
ဒို့မြေရင်ရှာ၊ ကျူးကျော်လာသူ
မြည်ရွာတိုင်းခြား။ တစ်ပါးသားကို
ခါတားယာရ၊ စစ်ပြန်ပြ၍
ရန်သူ့ခေါင်းအား။ ငါ့ဓားတောင်စားဖြင့်
နိုင်းခြားဖြတ်ယူ၊ တံခွန်ထူလျက်
ဗုံးဗု ဗုံးဗု၊ ငါဟစ်အော်သော်
လူဖြူကုလား၊ လွန်ရောက်ရှားလျက်
အသားမယား။ ရှာပါပွား၍

ပြေးလွှားခိုခြေ။ မြင်ယောင်သေးသည်
ညီလေးလက်တားချေရှဲပြီ။

- နောင်တော့အတွက်၊ ညီရှစ်လက်ဖြင့်
ဆက်ဆက်လက်တား ရေချဲ့ထားပြီ
သိကြားစေရန်၊ စိတ်ရည်သန်၍
ထုံးစံအလိုက် "ဂါလ်ဒိုက်ပွဲ" ကို
ဆင်နွှဲကျင်းပခဲ့ပါပြီ။

- ဂါလ်ဒိုက်ပွဲ
ဖြူမြဲထုံးစံ မျိုးနွယ်ဟန်ကို
မြင်ရန်ကြွရောက်၊ ခေါင်းရည်သောက်လော့
ကျည်တောက်အပြည့်၊ ခေါင်းရည်ဖြည့်လျက်
အဓိအဓ၊ သင်္ဂဟနှင့်
နှမညီထွေး မျိုးနွယ်သွေးတို့
ရိုးမွေးခေါင်းရည်၊ ရွက်ကုံယံစီနှင့်
စုံညီစုဝေး၊ အောင်ပွဲပေးသည်
မနေးအလျင်၊ ပွဲခွင်ဝင်၍
ပျော်ရွှင်ဆင်နွှဲလှည့်ပါတော့။ ။

ကိုနိုင်း(ချင်းတောင်)

ဤဘာသာပြန်လည်း ဗိုလ်ကိုင်စွတ်၏ မူရင်းသီချင်းရသကို မီ လိမ့်မည်မဟုတ်ပါ။ စကားလုံးများ၏ အဓိပ္ပါယ်ကိုတော့ ဖော်ပြနိုင်ပါလိမ့် မည်။ ကျူးကျော်သူများကို အနိုင်မခံ၊ အရှုံးမပေးသည့် သံမဏိစိတ်ဓာတ် ကိုဖော်ကျူးသည့်သီချင်းဖြစ်၍ ချင်းတိုင်းရင်းသားတို့၏ရင်ထဲ၌အမြဲတည် ရှိနေမည်ဖြစ်သည်။






ကိုနိုင်(ချင်းတောင်)



ကိုနိုင်း(ချင်းတောင်)

## ချင်းမိုးချစ်စဝ်သည်
## ဗိုလ်ကိုင်တွ (တီးတိန်)၏
## အမိမြေအတွက်သက်သေတည်သီချင်း

အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးတပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်ကိုင်တွသည် ကပ်တဲလ်ရွာဇာတိဖြစ်၏။ ဗိုလ်တွမ်ထောင်းဦးစီးတပ်၌ တပ်မှူးအဖြစ် အင်္ဂလိပ်တပ်အသေအပျောက်၊ အထိအကျအများဆုံးဖြစ်အောင် တိုက်ခိုက်သူအဖြစ် နာမည်ကြီး၏။ မူလကပင် သီဆိုမှု အနုသုခုမ၌ ပါရမီရှိသည်။ စစ်မြေ၌ မိမိလက်အောက်ရဲဘော်များ စိတ်အားတက်ကြွရန် ဇာတိမာန် သီချင်းများနှင့် ဖွဲ့နွဲ့သီဆိုလေ့ရှိ၏။ သူသည် တိုက်ပွဲတစ်ခု၌ နယ်ချဲ့စစ်သား၏ ဦးခေါင်းကိုယူ၍ ရွာအဝင်၌ ချိန်ဆွဲပြီး "အမိမြေအတွက် သက်သေတည်" သီချင်းကို ဖွဲ့နွဲ့သီဆိုခဲ့၏။

ကိုနိုင်း(ချင်းတောင်)

## အဆိမြေအတွက်သက်သေတည်

(Pianna Nugam Ading Te Ti Hi)

(မြန်မာပြန် )သီချင်း(၁)

- ကမ္ဘာဝှာသည်၏၊ ကာလကပင်
ဘိုးဘအစဉ်၊ သတ္တိရှင်၏
အစဉ်ဆက်သွင်း၊ သွေးဖြစ်ခြင်းကြောင့်
ရဲတင်းထက်သန်၊ ဇာတိမာန်နှင့်
စက်ထန်နိုင်မြဲ၊ အားမာန်ဖွဲ့နှင့်
လူလည်းထက်မြက်၊ ဓားလည်းထက်သည့်
မျိုးဆက်နွယ်ဖွားဖြစ်ကြ၏။

- ငါတို့သင်းပင်။ ညီနောင်ရင်းသည်
စေတာတွင်းဘုရင်၊ ဆင်မြူးပင်လျှင်
လိုလျှင်ခေါင်းဖြတ်၊ အိမ်ဦးရပ်တွင်
စီထပ်ချိတ်ဆွဲ၊ ဂုဏ်ယူမြဲတည်း
အသည်းမငယ်၊ မျိုးဂုဏ်ကြွယ်သည့်
ဝင့်ထယ်လူမျိုးဖြစ်ကြ၏။

- နယ်ချဲ့ရန်နိုင်၊ ငါ့မှတ်တိုင်ဟု
စက်ငြိုင်စစ်မက်၊ ရှေ့ကိုတက်လျက်

ကိုနိုင်း(ချင်းတောင်)

အသက်စွန့်၊ ဖက်ပမာသို့
ရင်မှာစွဲကာ၊ ရန်သူ့ရှာ၏
တစ်ခါလဲကာ၊ ထယ်ခါထ၍
ငါကသေလည်း၊ ငါ့မြေခဲကို
နည်းနည်းလေးမျှ၊ ယူမရဟု
မြကြွစိတ်ဓာန်၊ အသက်နှံလျက်
တိုက်ရန်ချီတက်ခဲ့ကြ၏။

- စစ်ချက်နှာဖွင့်၊ ဓားကိုဝင့်၍
သူနှင့်ယှဉ်ပြိုင်၊ သူ့လည်တိုင်ကို
အနိုင်စုတ်ပိုင်၊ ရွာစည်းပိုင်း၌
လူတိုင်းမြင်စေ၊ ချိတ်ဆွဲရေလော့
တို့တွေအတွက် သက်သေတည်း
တို့မြေအတွက် သက်သေတည်း။

ဇာတိမာန်သီချင်းများကို သီဆို၍ တိုက်ပွဲဝင်ရဲဘော်များကို အားပေးလေ့ရှိသည့် စစ်သည်တဆိုဗိုလ်ကိုင်တွသည် တပ်အဆုတ်၌ ဆွေမျိုးရှာခြစ်သည့် ဆွောင်ယန်းရွာအနီးတောစခန်း၌ ခေတ္တဝင်နိုသည်။ ရွာသားတစ်ယောက်၏ သတ္တာဖောက် သတင်းပေးမှုကြောင့် ဖမ်းဆီးခေါ်ဆောင်အပြစ်ပေးခြင်းခံရလေသည်။

ကိုနိုင်း(ချင်းတောင်)



ကိုနိုင်(ချင်းတောင်)

## မျိုးချစ်တပ်မှူးဗိုလ်ကိုင်တွ (တီးတိန်)၏
## ယုံတားဆိမှားသီချင်း(၂)
## (Um Khail Kha)

ဗိုလ်ကိုင်တွသည် ကပ်တဲလ်ရွာ တပ်မှူးဗိုလ်ထွမ်ထောင်း၏ သက်ရုံးတပ်မှူးတစ်ဦးဖြစ်သည်။ချင်းမျိုးချစ်တို့၏ ရှယ်လုံခံတပ် ကျဆုံးသွားပြီးနောက် ဗိုလ်ထွမ်းထောင်း တောခိုသွားသည်။ ဗိုလ်ကိုင်တွလည်း တောခိုရန် အစီအစဉ်ဖြင့် ဆွေမျိုးရွာဖြစ်သည့် ဆွောင်ယန်းရွာအနီးတောအုပ်၌ ခေတ္တခိုသည်။တောနက်သို့ထွက်မသွားနိုင်မီ ရွာသားတစ်ယောက်က သစ္စာဖောက်သတင်းပေးသဖြင့် ဖမ်းဆီးခံရသည်။လက်ပြန်ကြိုးတုပ်ချော်လိုက်ပါသွားရင်းပြုံးရွှင်ကြည်လင်သော မျက်နှာထားနှင့် စူးရှကျယ်လောင်စွာ သီချင်းဆိုသွားလေသည်။

ကိုနိုင်း(ချင်းတောင်)

'ယုံစားမိမှား'

(UM KHIAL KHA) (မြန်မာပြန်)သီချင်း

- တောင်တန်းညိုညို၊ တောစိုစို၌
မျောက်ညိုသားအဖ၊ ထိုဘဝ၌
အဖယုံစား။ မျောက်ညိုသားက
မယားကိုအပ်၊ ထားခဲ့လတ်၍
တောရပ်တောင်စွန်၊ ခရီးနှင်နိုက်
ဝေဝင်မျောက်ညို၊ ထိုမျောက်အိုသည်
နုပျိုမြူးထွား၊ သားမယားကို
ခိုးသွားခဲ့သွင်၊ ချင်းပုံပြင်သို့
ငါလျှင်ယုံစားမှားခဲ့တကား။

- ငါတို့ရွာနေ၊ ချင်းတောင်မြေသို့
အမြဲရှုရေး မြော်မြင်တွေး၍
ရပ်ဝေးမြေခြား။ တိုင်းတစ်ပါးမှ
စော်ကားမော်ကား။ ကျူးကျော်ကြွားသော်
ငါကားပစ်စော်၊ အသေသတ်၏
သူတစ်အလာ၊ အားမသာ၍
ရှူပာစစ်အင်၊ ရွာစစ်ပြင်နိုက်
ငါလျှင်ယုံစား။ တစ်မိသားဟု

ကိုနိုင်း(ချင်းတောင်)

ကိုးစားမှတ်ထင်၊ သူ့ထံဝင်မှ
ခင်မျောက်ညို၊ ပုံထိုထိုသို့
မလိုတမာ၊ ဆွေရင်းခြာက
သစ္စာဖောက်ပြား၊ မထောက်ထားနဲ့
ငါ့အားအပ်နှံ၊ ရန်သူ့ထံသို့
လက်ပြန်ကြိုးတုပ်၊ ငါ့ကိုထုတ်၍
ဆွဲနှုတ်ဆောင်ယူခဲ့ပြီတကား။

ဤသီချင်းတွင် ပုံနှိုင်းထားသည့် ချင်းပုံပြင်ကား ဤသို့တည်း။ တောအုပ်တစ်ခု၌မျောက်ညိုသားအဖနေကြ၏။ တစ်နေ့တွင်သားမျောက်ညိုသည် နပိုဖြူထွားအလွန်လှပသည့်မျောက်ဖြူမလေးကို မယားအဖြစ် ခေါ်ယူချစ်ခင်ပေါင်းသင်း၏။ သားငယ်မျောက်ညိုအရေးပေါ်ခရီးရှိ၍ ဖခင်မျောက်ညိုအား စောင့်ရှောက်ပေးပါရန် အတန်တန်မှာ ကြားထွက်ခွာခဲ့သည်၊ သားမျောက်ညိုခရီးသွားခိုက် ဖခင်မျောက်ညိုသည် အသွင်ထူးခြား ဖြူဖွေးလှသည့် မျောက်ဖြူမကလေးအား တပ်မက်ပြီး သား၏ မယားကို ခိုးသူကာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားလေသည်၊ ဤပုံပြင်အရ "မျောက်က အဖေ အားကိုးသလို" ဆိုသည့် စကားဖြစ်တည်လာ၏။

သားမျောက်ညိုအဖေ အားကိုးမှားသလို သူလည်းဆွေမျိုးသားချင်း အားကိုးမှားခဲ့ကြောင်း၊ တေးဖွဲ့သီဆိုသွားခဲ့လေသည်။ ထိုသို့ သစ္စာဖောက်ခံရ၍ မြင်းခြံထောင်၌ထောင် (၆) နှစ်လုံးလုံးကျခံပြီး လွတ်မြောက်သောသော် ဇာတိကပ်တဲလ်ရွာ၌ မနေတော့ဘဲ ဇမ်ပီးရွာသို့ ပြောင်းရွှေ့နေထိုင်သည်။

ကိုနိုင်း(ချင်းတောင်)



ချင်းတောင်ညီညွတ်အဖွဲ့ခေါင်းဆောင်

ဦးဝမ္မသူးမောင်း

ကိုနိုင်း(ချင်းတောင်)

## တခေါ်စစ်သူကြီး
## ကီးရောက်နိန်းနှင့်ဗိုလ်ကိုင်တွ

ချင်းတောင်အလယ်ပိုင်းဒေသ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ခေါင်းဆောင်ကီးရောက်နိန်းသည် ကီးသာရွာဇာတိဖြစ်၏။ အင်္ဂလိပ်တို့ကိုမြန်မာမျိုးချစ်များနှင့် ပူးပေါင်းပြီး ပုံတောင်ပုံညာတောင်တန်း ဖြတ်ကျော်လာနိုင်အောင် ကာလအတန်ကြာ တားဆီးထားနိုင်ခဲ့သည်။ ပုံတောင်ပုံညာ တောင်တန်းမှ ဆုတ်ခွာပေးခဲ့ရပြီး ပဆုတ်ရွာ (ယခု ကျောက်ထုမြို့အနီး) အင်္ဂလိပ်တပ်စခန်းကိုစီးနင်းတိုက်ခိုက်ခဲ့သည်။ ပဆုတ်စခန်းအင်္ဂလိပ်တပ်ကာစဥ့်ကလျားထွက်ပြေးသည်။ ထက်ချပ်မကွာ လိုက်လံတိုက်ခိုက်ရာ တောခလွှန် (ယခု ကျောက်ထုလေယာဉ်ကွင်းဟောင်းအနီး) ၌ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပြီး အင်္ဂလိပ်စစ်ဗိုလ် (၁) နှင့် စစ်သားအများအပြား ကျဆုံးသည်။ စစ်မြင်းတစ်ကောင်ကို သိမ်းယူလာပြီး ချင်းတောင် ပြန်လာသည်။

ကိုနိုင်း(ချင်းတောင်)

မိမိတို့နောက် ပြန်လိုက်လာနိုင်သည်ကို တွက်ဆမိဖြင့် မိမိဒေသ လမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ်မပြန်ဘဲ တောင်ဘက်၊ ပဲခင်း၊ လုတ်ရွာ၊ ရှစ်မွေးရွာဘက်သို့ ကွေ့ကောက်ပြန်လာခဲ့၏။ စစ်မြင်းခြေရာဖြင့် အင်္ဂလိပ်တပ် လိုက်လာရာ ရှစ်မွေးရွာ၌ မိလာသည်။

အင်္ဂလိပ်တပ်သည် ရှစ်မွေးရွာလူကြီး ဦးနိုင်းအောင်လိန်းထံ ဦးကီးရောက်နိန်း သတင်းကို မေးမြန်းသည်။ ဦးနိုင်းအောင်လိန်းသည် ရိုးရာ ဓလေ့ထုံးတမ်းများ၌ ကျွမ်းကျင်သူဖြစ်၍ မင်းတုန်းမင်းတရားကြီး လက်ထက်၌ စီးမြင်း၊ အသုံးအဆောင်ပစ္စည်းနှင့် "အောင်သွယ်တော် တမန်လူကြီး"အဖြစ် ကြေးပြားလက်မှတ် ချီးမြှင့်ခန့်ထားခံရသူဖြစ်သည်။ (မင်းတပ်ဘူနိန်း ချင်းတောင်သမိုင်း၊ စာ -၇၀) နိုင်းအောင်လိန်းသည် အင်္ဂလိပ်တပ် ဝင်လာသည်ကို သိလျှင်သိချင်း "ငင်ငဲ" (ခေါ်) တောင်ပေါ်ငှက်အော်သံမျိုး ပြု၍ ကီးရောက်နိန်းတို့ကို အသံဖြင့်အသိပေး ထွက်ခွာစေလိုက်သည်။ ကီး ရောက်နိန်း၏ဒေသသည် ဤရွာနှင့်လမ်းခရီးမသင့်ကြောင်း၊ မြင်းသည် တစ်နေ့ရာလွှတ်ခဲ့၍ တောင်ကျောမှားကာ ပြေးချင်ရာပြေးခြင်း ဖြစ်နိုင်ကြောင်း၊ ကီးရောက်နိန်းတို့ မလာမရောက်ပါကြောင်း၊ မိမိဦးခေါင်းကို အဖြတ်ခံဝံ့ပါကြောင်း ရဲရဲဝံ့ဝံ့ ဘူးကွယ်ငြင်းဆိုလေသည်။ အင်္ဂလိပ်တို့လည်း ထိုလမ်းကမလိုက်တော့ဘဲ ယခုလုပ်တက်စခန်းဘက်မှ ချီတက်တိုက်ခိုက်ရန် နောက်ကြောင်းပြန်စစ်ကြောင်းပြင်ကြ၏။

နိုင်းအောင်လိန်းသည် အင်္ဂလိပ်တပ်အကြံအစည်ကို ရိပ်မိသဖြင့် ကီးရောက်နိန်းထံ တိတ်တဆိတ် လူလွှတ်၍ အကြောင်းကြားပေးခဲ့၏။ ကီးရောက်နိန်းတို့ ရန်သူ့သတင်းဦးရသဖြင့် လုပ်တက်စခန်းတွင် အချိန်

သူကာ ကျောက်မောင်းကြီးများဆင်ပြီး အသင့်စောင့်နေနိုင်ခဲ့ခြင်းဖြစ်၏။ လုပ် တက်စခန်းသို့ ချီတက်လာသည့် အင်္ဂလိပ်တပ်ကို ကီးရောက်နိန်းတို့က ကျောက်မောင်းကြီးများ လိုမ့်ချပိုင်းပတ်တိုက်ခိုက် လက်ဦးမှုရနိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တပ် ကပ္ပတိန်ရယ်နီ၊ အမည်မသိစစ်ဗိုလ် (၁)ဦးအကြပ်/စစ်သား(၃၀) တိတိကျဆုံးပြီးမေဂျာအဲယားဦးစီးအင်္ဂလိပ် လက်ကျန်တပ် ရေရှင်ရွာသို့ ဆုတ်ခွာသွားရသည်။ ထိုသို့ အင်္ဂလိပ်တပ် အထိနာအောင် တိုက်ခိုက်နိုင်ခြင်းသည် နိုင်းအောင်လိန်းကဲ့သို့သော ဆွေမျိုးသားချင်း၏ သစ္စာရှိခြင်းကြောင့်ဖြစ်၏။

ဗိုလ်ကိုင်တွသည်လည်း တိုက်ပွဲတိုင်း၌ အင်္ဂလိပ်တပ်မှူး၊ တပ်သား အကျအဆုံး အများဆုံးဖြစ်အောင် တိုက်ခိုက်ခဲ့သူသာဖြစ်သည်။ ဗိုလ်ကိုင်တွနှင့်ပတ်သက်၍ ယနေ့တိုင် ရွာသားတို့ မမေ့နိုင်သေးသည့်အချက်မှာ စစ်မြေပြင်တိုက်ပွဲမှ အင်္ဂလိပ်တပ်သား၏ ဦးခေါင်းကိုဖြတ်ယူလာခဲ့ပြီး အများမြင်အောင် ရွာအဝင်လမ်းဆုံသစ်ပင်၌ တွဲလောင်းချိတ်၍ ပြသထားခြင်းဖြစ်သည်။ သို့သော် ဗိုလ်ကိုင်တွသီဆိုခဲ့သည့် သီချင်းတစ်ပုဒ်က သမိုင်းသက်သေခံနေသည်။ သီချင်းပိုဒ်အဆုံးတွင်

**- ဒါလျှင်ယုံစား၊ တစ်မိသားဟု**

**တိုစားမှတ်ထင်၊ သူ့ထံဝင်မှ**

**အခင်မျောက်ညို၊ ပုံထိုထိုသို့**

**ဆေးလိုတမာ၊ ဆွေရင်းခြာက**

**သစ္စာဖောက်ပြား မထောက်ထားခဲ့**

ကိုနိုင်း(ချင်းတောင်)

**ငါ့အားအစ်နှံ၊ ရန်သူ့ထံသို့**
**လက်ပြန်ကြိုးတုပ်၊ ငါ့ကိုထုတ်၍**
**ထွဲနှုတ်ဆောင်ယူခဲ့ပြီတကား။**

ရှေ့၌ ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ကိုင်တွသည် ဆွောင်ယန်းရွာ အမျိုးများထံ ဝင်ခိုစဉ်ရွာသားတစ်ယောက်၏ သစ္စာဖောက်သတင်းပေးမှု ကြောင့် ဖမ်းဆီးခံခဲ့ရရှာသည်။ (ချင်းတောင်သမိုင်း စာ - ၇၉) မည်သို့ဆို စေ ကီးရောက်နိန်းက "သေလိုလျှင်တက်လာခဲ့" ဟု ရာဇသံပေးထားခဲ့ သည့် အင်္ဂလိပ်တပ်သည် နှစ်များမကြာမီ မင်းတပ်၌ အခြေစိုက်သွားနိုင် သကဲ့သို့ ဗိုလ်ကိုင်တွတို့၏ အင်္ဂလိပ်ကို တရားဝင်စစ်ကြေညာ၍ ရှယ်လုံ ခံတပ်၌တိုက်ခိုက်သည့်နေ့မှာပင် ရှယ်လုံခံတပ်ကျပြီး နယ်ချဲ့အောက် ကျ ရောက်သွားသည့် ဖြစ်ရပ်ချင်းက တူပါ၏။ ကီးရောက်နိန်းကို အင်္ဂလိပ်က ရာထူးပေးသော်လည်း မယူဘဲ ဇာတိကီးသာရွာမှာ မနေတော့ဘဲ တိုက်ပွဲ ကာလ သစ္စာစောင့်များရှိခဲ့သည့် ရှစ်မွှေးရွာသို့ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ဗိုလ်ကိုင်တွသည် မြင်းခြံထောင်၌ ထောင် (၆) နှစ် အကျဉ်းချခံရပြီး လွတ် မြောက်လာသော် ဇာတိကပ်တဲလ်ရွာ၌ မနေတော့ဘဲ ဖမ်ပီးရွာသို့ ပြောင်း ရွှေ့နေထိုင်ခဲ့သည့် ဖြစ်ရပ်ချင်းကလည်း တူကြပါ၏။

ဤတွင် အထူးသတိမူသင့်သည့် မတူသည့်အချက်ကိုဖော်ပြလို သည်။ ကီးရောက်နိန်းသည် အမျိုးအဆွေ၏ သစ္စာရှိမှုကြောင့် အင်္ဂလိပ်ကို ချေမှုန်းနိုင်ခဲ့ခြင်းနှင့် ဗိုလ်ကိုင်တွသည် အမျိုးအဆွေ၏ သစ္စာဖောက်မှု ကြောင့် ထောင်နန်းစံသွားရခြင်းဖြစ်သည်။

**ကိုနိုင်း(ချင်းတောင်)**

ဤအချက်ကို ပြန်လည်ဖော်ပြရခြင်းမှာ အရေးရောက်က မဖောက်မပြန် သစ္စာမှန်စွာ နိုင်ငံနှင့်လူမျိုးအတွက် ထမ်းရွက်ရန် လူတစ်ဦးချင်းစီ၌ တာဝန်ရှိကြောင်း ယနေ့လူငယ်များအား ထာဝစဉ်သတိပေးသည့် သမိုင်းရပ် ဖြစ်သောကြောင့်ပါတည်း။

LINPWINT

ကိုနိုင်(ချင်းတောင်)



ကိုနိုင်း(ချင်းတောင်)

ကျွန်လေလျှန်းရွာ နယ်ချဲ့ဆန့်ကျင်ရေးတော်လှန်ပွဲမှူးအွမ်ခိုင်းသာနှင့်
ထန်းလိန်းသားတို့၏ "ပုဲ့ဒွိအွေး(ဓါ)
မျိုးစောင့်တေး

**ဧပြီ၊ ၁၉၁၈ ခုနှစ်။ (အဘိုးဟာကီးမ်မှတ်စု)**

မျှော်လင့်မထားသည့် တိုက်ပွဲဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်သည် ချင်းတောင်တဝှမ်းလုံးကို စိုးမိုးအုပ်ချုပ်ခဲ့ပြီးဖြစ်သော်လည်း ဟီလောင်းဒေသကိုမူ စိုးမိုးနိုင်ခြင်းမရှိချေ။ ဟီလောင်းဒေသမှာ ယခုကန်ပက်လက်မြို့နှင့် မင်းတပ်မြို့အကြား ဆောချောင်းနှင့် ချိုးချောင်း ဇရိယာကြားဒေသဖြစ်သည်။ အင်္ဂလိပ်အစိုးရသည် ဟီလောင်းဒေသကိုစည်းရုံးရန် ဒေသခံနယ်ထမ်းများဖြစ်သည့် ရာဇဝတ်အုပ်မာန်ဘူကီး ဦးဆောင်သည့် ဒေသခံနယ်ထမ်း ဂိန်မာန်လော၊ မဲင်းထန်းအွမ်၊ ကီးခွိအွမ်တို့ကို ဟီးလောင်းဒေသကျွန်လေလျှန်းရွာသို့စေလွှတ်သည်။ စစ်ဝန်ထမ်း (၃၀) စုဆောင်းပေးရန်လာရောက်ပြောဆိုခြင်းဖြစ်၏။ ဒေသခေါင်းဆောင် "ဒိုအိမ်ဘူဟုန်း" က ထိုးစ ငြင်းပယ်လိုက်၏။ ဒေသခံဝန်ထမ်းများဖြစ်၍ ဝက်ကြီးတစ်ကောင်

ဖြင့် ကောင်းမွန်စွာဧည့်ခံပြီး အင်္ဂါး (၃၀)နှင့်အတူ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြန်လည်စေလွှတ်လိုက်ကြ၏။ ရာဇဝတ်အုပ် မန်ဘူကီးနှင့် အဖွဲ့ကို (လိန်းသာ) ဝါးလိန်း၊ (ဘွဲသာ) တမ်ဂေ၊ (ယူးတူ) ထန်းနိုင်၊ (ဆယ်ပါ) ဟာဘူတို့အား တာဝန်ပေးပြန်လည်လိုက်ပါပို့ဆောင်ပေးကြ၏။ (ကွင်းပြ ဧကားသည် မျိုးနွယ်စုငယ် အမည်ဖြစ်၏။)

ထိုသို့ လက်ဆောင်ပစ္စည်းထမ်း၍ လိုက်ပါပို့ဆောင်ပေးသူများ ကို "ဗွိ" တောင်တန်းရှိ အင်္ဂလိပ်တပ်စခန်းမှ ဖမ်းဆီးထားလိုက်လေတော့ သည်။ ချင်းမျိုးချစ်များလည်း နီးစပ်ရာရွာများမှ စုစည်းတပ်ပေါင်းစုဖွဲ့ပြီး "ဗွိ" တောင်တန်း အင်္ဂလိပ်၏ ရှေ့တန်းစခန်းကို ညအချိန်ဝင်ရောက်စီး နင်းပြီး အင်္ဂလိပ်တပ်ရှိင်ဖယ်သေနတ်များကို ခုတ်ထစ်ပိုင်းဖြတ် ချောင်းရိုး တစ်ခုထဲသို့ ပစ်လွှင့်ဖျောက်ဖျက်ခဲ့ကြ၏။ စခန်းဝင်စီးစဉ်က အင်္ဂလိပ်စစ် သားများ ထွက်ပြေးသွားခဲ့ကြပြီး ဒေသခံအမှုထမ်း တပ်ကြပ်ဆရာထန်း နှင့်ခွဲလုံကီးသာတို့သာ ကျန်ရစ်သည်။ စခန်းဝင်စီးသည့်အဖွဲ့က အဖမ်းခံ (၄) ယောက်ကို ကယ်ထုတ်လာခဲ့သည်။ အင်္ဂလိပ်တဖန်ပြန်၍ တိုက်ခိုက် လာမည်ဟု မျှော်လင့်သဖြင့် အလာလမ်း၌ ကတုတ်ကျင်းများတူး၍ ကင်း ပုန်းစောင့် နေကြသော်လည်း လနှင့်ချီ၍ကြာသည့်တိုင် အင်္ဂလိပ်တို့က ပြန်လည် လာရောက်တိုက်ခိုက်ခြင်း မရှိချေ။ တောင်ယာမျိုးစေ့ချချိန် ရာသီကုန်လွန်လာသဖြင့် မဖြစ်မနေလုပ်ငန်းခွင် ပြန်ဆင်းကြရသည်။ တပ်ဖွဲ့ဝင်များ ကိုယ့်တောင်ယာကိုယ် အသီးသီးရောက်ရှိကွဲပြားသွားချိန် ၁၉၁၁ခုနှစ်၊ ဧပြီ (၆) ရက်နေ့၌ ဗိုလ်စကော့ဦးစီးအင်္ဂတပ်ဖွဲ့သည် ကျန်လေ လျှန်းရွာသို့ ရုတ်တရက်လာရောက်တိုက်ခိုက်သည်။ ကျန်လေလျှန်းရွာ၌

ရှိသမျှလူကုန်ယောက်ျား၊ မိန်းမအားလုံးရရာလက်နက်စွဲကိုင်၍ အင်္ဂလိပ်တပ်ကို အနိုင်မခံအရှုံးမပေးအသက်ကိုပေး၍ ခုခံတိုက်ခိုက်ကြသည်၊ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တပ် ဗိုလ်စကော့သည် မြားချက်ထိမှန် ကျဆုံးပြီး အင်္ဂလိပ်စာသင် (တပ်ကြပ်ကြီး) လည်း လင်းလေးမြားချက် လည်ချောင်းဖောက်ဝင်ကျဆုံးသည်။ ဗိုလ်စကော့ အလောင်းကို အင်္ဂလိပ်တို့ "ရှိ" တောင်တန်း၌ မြှုပ်နှံခဲ့ပြီး ဆုတ်ခွာသွားကြသော်လည်း စာသင်ကြီး၏ အလောင်းကိုကောက်ယူသွားနိုင်ခြင်းမရှိ။ ထိုတိုက်ပွဲတွင် ချင်းမျိုးချစ်တပ်မှူး ဝါတာထန်းလည်း ကျည်သင့်ကျဆုံးသည်။

အင်္ဂလိပ်တပ် ဆုတ်ခွာသွားလျှင် တိုက်ပွဲဝင်လူငယ်အချို့သည် အင်္ဂလိပ်စာသင်ကြီး၏ ဦးခေါင်းကို သစ်ပင်မြင့်၌ချိတ်ဆွဲပြီး ပျော်ပျော်ကျူးဝါးပစ်ခတ်ကြသည်။ ဒိုအိမ်ဘူဟုန်း၏ ညွှန်ကြားချက်အရ ခေါင်းနှင့်ကိုယ်ပြန်ဆက်ပြီး ကောင်းစွာသဂြိုလ်ကြသည်။ နတ်မတောင်နယ်သားတို့သည် တိုက်ပွဲမှအပြန် ရွာထဲမဝင်မီ "လက်ဆေးပွဲ" ခေါ် နတ်တင်သမှုပြုကြရ၏။ ယင်းလက်ဆေးပွဲအောင်ပွဲတွင် "ပုံခွီအွေး ခေါ် "ဇက်ဆဲ့" ခေါ် မျိုးတော်တေး အဓိပ္ပာယ်ရှိသော သီချင်းကို တပ်မှူးအွမ်နိုင်းသာနှင့် တပ်မှူး ထန်းလိန်းသာတို့က သီကျူးဖွဲ့ဆိုခဲ့ကြသည်။ ယင်းသီချင်းကို ကြုံးဝါးသံသီချင်းဟုလည်းခေါ်သည်။ ဓား၊ လှံ၊ သေနတ်၊ လက်နက်လေးများ၊ မြှောက်ချီ၍ ရွှင်ရှုအောင်မြင်သော လည်ချောင်းသံဖြင့် သီဆို၍ ကရ၏။

'ပိုဒွိအေဒွး' အွစ်နိုင်သာဆို–
မျိုးစောင့်တေး (မြန်မာဘာသာပြန်)

– ငါ့မြေရပ်မော်၊ တောင်တန်းပေါ်သို့
ကျူးကျော်လာသူ၊ ကုလားဖြူအား
ငါ့တူမီးဆဲ၊ ခဲလုံးပျံက
ဟိန်းသံကိုပေး၊ ယစ်တကျွေး၏
ရဲသွေးရမာန်၊ မိုးပြည့်လျှံမျှ
မျိုးမာန်ဇာတိ၊ ဂုဏ်အရှိကို
ကြားသိစေလို့၊ ငါ့ညွှန်းဆိုသည်
နွှန်းရိုးပျာစ်ကြွ။ မျိုးစောင့်တေး။ ။

ငါဆိုပြီပေါး – ဆိုပြီလေး။
ငါကပြီပေါး။ ကပြီလေး။ ။

'ပို့နှိအေး' ထန်းလိန်းသာဆို–
မိုးစောင့်တေး (မြန်မာပြန်)

– ငါ့မြေငါ့ကျောင်း။ ငါ့တောင်တောင်းသို့
နှာခေါင်းရှည်ထူ၊ ကုလားဖြူက
အယူမှောက်မှား။ လာရမ်းကား၍
ငါ့မြားချွန်ထား။ မြားချွန်များက
ကုလားဖြူခွေး။ သောက်ရသေးဟု
အမြေးကြီးထောက်၊ လည်မျိုဖောက်၏
ဦးမောက်ပြည့်လျှံ၊ ရဲသွေးမာန်နှင့်
မိုးမာန်ဇာတိ၊ ဂုဏ်အရှိကို
ကြားသိစေလို့၊ ငါသွန်းဆိုသည်
နွန်းရိုးဟာစ်ကြွေး မိုးစောင့်တေး။

ငါဆိုပြီဟေ။ ဆိုပြီလေ။
ငါကပြီဟေ။ ကပြီလေ။ ။

ကိုနိုင်(ချင်းတောင်)

**၁၉၁၈ ခုနှစ်၊ ဧပြီ (၆)** ရက်နေ့၌ ချင်းစစ်သည်စာဆို အွမ်နိုင်းသာနှင့်ထန်းလိန်းသာတို့၏မျိုးစောင့်တေးသံသည် ယနေ့တိုင်ချင်းတောင်တန်းနတ်မတောင်နယ်၌ အသံလွှင်လွှင်ကြားနေရဆဲဖြစ်၏။ နောင်မျိုးဆက်အဆက်ဆက်ကလည်း လက်ကမ်းသီဆို သွားကြလိမ့်မည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကိုယ့်မြေကို ချစ်ရန်နှင့် အမျိုးကိုစောင့်ရှောက်ရန် လမ်းညွှန်မှာကြားသည့် ဇာတိမာန်ဖွဲ့စစ်မြေပြင်သီချင်းဖြစ်နေသောကြောင့်တည်း။

## ဖိုးချစ်ရဲ့မေမေ မအွေးသာ၏
## ဝက်ယူလျက်ပါသီချင်း

**၆၊ ဧပြီ၊ ၁၉၃၀။**

ဤနေ့ကား ကျန်လေလျှန်းရှာနှင့် အင်္ဂလိပ်တိုက်ပွဲ (၃) ကြိမ်ဖြစ်ပွားသည့်အနက် ပထမအကြိမ်တိုက်ပွဲဖြစ်၏။ တိုက်ပွဲဖြစ်ရခြင်းမှာ နယ်ချဲ့အင်္ဂလိပ်၏ နိုင်လိုမင်းထက် မောက်မာရိုင်းပြမှုကြောင့်ဖြစ်၏။ ဤကာလတွင် အင်္ဂလိပ်သည် ချင်းတောင်တစ်ခုလုံးကို သိမ်းသွင်းအုပ်ချုပ်ပြီးဖြစ်သည်။ သို့သော် နတ်မတောင်ဒေသ ဟီလောင်းနယ်ကိုကား စိုးမိုးနိုင်ခြင်း မရှိချေ။ ဤဒေသကို စိုးမိုးနိုင်ရန် တစ်ဖက်လှည့်ဖြင့် သိမ်းသွင်းလို၍ ဒေသခံအမှုထမ်းများဖြစ်သည့် ရာဇဝတ်အုပ်မာန်ဘူကီး၊ တပ်ဖွဲ့ဝင်ဇိန်မာန်လော၊ မဲင်းထန်းအွမ်နှင့် ကီးနွိအမ်ပါ (၄) ဦးကို စေလွှတ်စည်းရုံးစေသည်။ ထိုအချိန် ကျန်လေလျှန်းရှာသားတို့သည် ဝါဟာထန်းနှင့် မအွေးသာတို့ မင်္ဂလာဆောင်နှင်းပေးရေး စီမံစိုင်းပြင်းနေကြ၏။

ကိုနိုင်း(ချင်းတောင်)

ဒိုအိမ်ဘူဟုန်း ဦးစီးသည့် ကျန်လေလျန်း ရွာသားများသည် အင်္ဂလိပ်အစိုးရ၏ တောင်းဆိုချက်ကို ပါးနပ်စွာ ငြင်းပယ်လိုက်ကြ၏။ မင်္ဂလာဆောင်အတွက် မွေးမြူထားသည့် ဝက်တောင်းကြီးဖြင့် ဧည့်ခံပြီး ဒင်္ဂါး (၃၀) ပေးကာ လူတစ်ယောက်လျှင် အထမ်းသမားတစ်ယောက်နှုန်းဖြင့် ပြန်လည်ပို့ဆောင်ပေးကြ၏။ ဗိုလ်တောင်တန်းအင်္ဂလိပ်စခန်းအရောက် ပို့ဆောင်ပေးသည့် အထမ်းသမား (၄) ယောက်ကို အင်္ဂလိပ်တပ်က ဖမ်းဆီးထားလိုက်လေတော့၏။ ကျန်လေလျန်းမှ မျိုးချစ်ရဲဘော် (၆၀) သည် ဗိုလ်တောင်တန်း အင်္ဂလိပ်တပ်စခန်းကို စီးနင်းပြီး ရိုင်ဖယ်သေနတ်များကို ခုတ်ထစ်ဖျက်ဆီးကာ ရွာသား (၄) ယောက်ကို ကယ်ထုတ်လာသည်။ အင်္ဂလိပ်တို့ ပြန်လည်လာရောက် တိုက်ခိုက်နိုင်သည်ဟု ယူဆ၍ ပုန်းဝပ်မျှော်စောင့် နေကြသော်လည်း တောင်ယာမျိုးစေ့ချချိန် လွန်လာသည်အထိ ပေါ်လာခြင်းမရှိချေ။ သို့နှင့်လူစုခွဲကာ တောင်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်သွားကြ၏။

ထိုနေ့ အင်္ဂလိပ်တပ် ရွာတောင်ခြေရောက်နေကြောင်း သိရမှ အလျှင်စလို စစ်ပြင်ရ၏။ တပ်မှူးအွမ်းနိုင်းသာ တပ်မှူးထန်းလိန်းသာ၊ တပ်မှူး ဝါဟာထန်း ဦးစီးတပ်က နယ်မြေကျွမ်းကျင်မှုကို အသုံးချပြီး အင်္ဂလိပ်တပ်ကို ကျော်လွန်သွားအောင်ရှိတက်သွားရန် သုံးကြောင်းခွဲပြီး နောက်ကျောမှ ပြန်လှည့်တိုက်ရန်၊ ဒိုအိမ်ဘူဟုန်းဦးစီး ရွာတပ်က၊ ရွာမှ ထွက်၍ဆီးကြို တိုက်ရန် ရဲမေတပ်မှူးမအွေးသာဦးစီးအမျိုးသမီးလုံ့ကိုင်ဓားကိုင်တပ် ကရွာစည်းရိုးမှ စောင့်တိုက်ရန်ဖြစ်၏။ ထိုနေ့နံနက် ရင်ဆိုင်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ အင်္ဂလိပ်တပ်မှူး ဗိုလ်စကော့ မြားချက်

ထွင်းဖောက် ကျဆုံးသည်။ အလားတူ အင်္ဂလိပ်တပ်စာသင်ကြီးလည်း လည်မျို၌ မြားတန်းလန်း ထုတ်ချင်းဖောက်စိုက်လျက်ကျဆုံးသည်။ တပ်မှူးဝါဟာထန်းလည်းရိုင်ဖယ်ကျည်သင့်လဲကျသွားခဲ့သည်။ အင်္ဂလိပ်တပ်သည် ဗိုလ်စကော့၏ အလောင်းကိုသာ အနိုင်နိုင်ကောက်ယူဆုတ်ခွာသွားသည်။ "ရှိ" တောင်တန်း၌မြုပ်နှံခဲ့၏။ တိုက်ပွဲဝင်လူငယ်များသည် စာသင်ကြီး၏ ဦးခေါင်းကို သစ်ပင်မြင့်၌ ချိတ်ဆွဲပြီး အပျော်ပစ်ခတ်ကြ၏။ တစ်ယောက်တစ်လက်အော်ဟစ်ကြုံးဝါးပစ်ခတ်ပြီး ရွာအဝင်တောင်ကုန်းကွင်းပြင်၌ပြန်လည် စုရုံးကြ၏။

ချင်းထုံးဓလေ့အရ တိုက်ပွဲမှအပြန်ရွာပြင်၌ "လက်ဆေးပွဲ" ပြုလုပ်ပြီးမှသာ ရွာထဲဝင်ခွင့်ရှိကြ၏။ လက်ဆေးပွဲ ပြုလုပ်မည့်နေရာ၌ ပြန်စုမိကြသျှင်ဒဏ်ရာရဝါဟာထန်းကိုပြန်လည်သယ်ယူလာသူတို့က ချစ်သူမအွေးသာ၏ ရင်ခွင်ထဲထည့်ပေးလိုက်ကြ၏။ ဝါဟာထန်းမှာ စကားဆုံးအောင်မပြောနိုင်ရှာတော့ဘဲ ချစ်သူရင်ခွင်၌အသက်ထွက်သွားလေတော့၏။ ချင်းထုံးဓလေ့အတိုင်း ပြုလုပ်သည့်ကျဆုံးတပ်မှူးဝါဟာထန်း၏ အသုဘပွဲ၌ ချစ်သူရဲမေ မအွေးသာသည် အောက်ပါဒိုချင်းတေးကို သီဆိုခဲ့လေသည်။

တန်ဒန်းနှာနေ (ဝုက်ယူလျှတ်ပါ)
ဇိုချင်း (မြန်မာပြန်)

ငုတ်တုတ်ထိုင်စ၊ ကာလကပင်
တကွအတူ၊ မခွဲမှ၍
နေပူမိုးရွာ၊ မမှုပါဘဲ
ဖက်ဖျာကိုစင်း၊ မြေတလင်း၌
အိုးကင်းမြေဆန်၊ ရက်ပြတ်ပြန်၍
စားဟန်ခွဲဇကျူး၊ ရိုးမြိန်သေးသည်
ကလေးအရွယ်၊ လူမမယ်တို့
ပြုရယ်ရွှင်မြူး၊ မြေမှုန်လူးကို
ရှုစ်ဦးသစင် လွမ်းရောရှင်။ ။

အရွယ်ရောက်စ၊ ကာလမှသည်
နှမနှင့်တူ၊ တောထူထူကို
အားကူပေါင်းစုတ်၊ တောင်ယာလုပ်ကြ
ကြိုးကုပ်အံခဲ၊ ရှေ့လက်တွဲကြ
ယာတဲမှာရို၊ ရှုစ်တေးဆိုကြ
နပိုျူလန်းရွှင်၊ အားသစ်ဝင်ကြ
အကြင်နှာတိုးရှုစ်မြတ်နိုးကြ
အားကိုးနံမင်၊ တူတွဲယှည်၍

ကိုနိုင်း(ချင်းတောင်)

ယာခွင်ဝန်းဦး၊ ဝင်ကြဖူးသည့်
တုံ့ပူးကြိမ်ပူး၊ ရွာရှေးချောင်းကျူးကို
ချစ်ဦးသခင် လွမ်းရေးရှင်။ ။

ရိုးတန်ရှုယ်ရောက်၊ အားထားလောက်မှ
နစ်ယောက်ရွှန်အား၊ ပေါင်းစည်ထားဖို့
ထွေသားမျိုးနွယ်၊ သဘောလှယ်ကြ
မပြယ်ရေးထုံး၊ ကျင့်ဝတ်သုံး၍
ချစ်ထုံးခိုင်မြဲ၊ ရွှေလည်တွဲရန်
ရင်ထဲဆန္ဒ၊ တူညီကြမှ
နမတာဝန်၊ မောင့်ချစ်ကျွန်ဟု
ဝတ်ရန်အဝတ်၊ "လန်ကွတ်" ရက်၏
ထိမ်သက်ရှိုးဖန်၊ အင်္ဂနာအစဝ်
ထေ်ဟာဝ်ကျိုချက်၊ မောင်နှစ်သက်အောင်
မယ်လက်နှင့်ပေ၊ ဖွဲ့၍ကျူး၏
အဝေး "မှောင်ခြာ" ၊ တစ်ရပ်ရွာ၌
မြိုကာဖော်ကျူး၊ လွမ်းစိတ်ကူးနှင့်
ချစ်ဦးသခင်၊ လွမ်းရေးရှင်။ ။

လွမ်းပါနှိုရှင်၊ မယ်သခင်ကား
ချစ်ကြည်ကိုးစား၊ ဇာတိသား၏

တိုနိုင်(ချင်းတောင်)

အားထားရပေ၊ ဝုဏ်သက်ဓေသတည်း
မျိုးဆွေအတွက်၊ ကိုယ့်အသက်ကို
မကွက်မငဲ့၊ နယ်ချဲ့ရန်သူ
လူဖြူကုလား၊ တိုင်းခြားသားကို
ထွားထွားညက်ကြေ၊ ဤ၀ိစ်မြေ၌
မှုန်းခြေတိုက်ဖျက်၊ အသက်ချင်းယှ
ဖျောတစ်လှ၊ မော်ကွန်းထူပြီ
ဝုဏ်ယူမဆုံးတော့ဘဲကား။ ။

လန်ကွတ် = ရှေးယခင် ချင်းလူမျိုးတို့ ဝတ်ဆင်မြဲ လန်ကွတ် အဝတ်။

(အတွင်းခံ) = ခဆီး

ယင်းအဝတ်ကို နတ်မတောင်နယ်သူ ပျိုရွယ်မိန်းကလေးများသည် မိမိနှင့်ပြန်လည်လက်ထပ်သင့်သူမျိုးနွယ်က ဝတ်ရန်အတွက်သာ ရက်လုပ်ခွင့်ရှိ၏။ မယူသင့်အတွက် လန်ကွတ်တီအဝတ် ရက်လုပ်ပေး ခွင့်မရှိချေ။

မှောင်ခြာ = ဝိညာဉ်တိုင်းပြည်
ကိုနိုင်း(ချင်းတောင်)

ချင်းမျိုးချစ်ရဲမေ မဒွေးသာ၏ ငိုချင်းတေးကို စကားလုံးအတိုင်း တိုက်ရိုက်ဘာသာပြန်ထားခြင်းဖြစ်၏။ ထိုင်တတ်စအရွယ်၌ အိုးခြမ်းပဲ့ဖြင့် မြေမှုန့်ထမင်းချက်တမ်းကစားကာ ခွံ့ကျွေးကြပုံ၊ အရွယ်ရောက်စ အတူမခွဲ ယာထဲဆင်းကြပုံ၊ သစ်တုံးကိုကြိမ်ကြိုးဖြင့် ပူးချည်သည့် ရွာချောင်းကူး တံတားကိုအတူတွဲကူးသွားကြပုံ၊ အရွယ်ရောက်ကြ၍ မိဘတို့သဘောတူ စေ့စပ်ပေးကြသဖြင့် လန်ကွတ်ရက်လုပ်ပေးခဲ့ပုံ၊ ချစ်သူအကြိုက်နစ်သက် ရာ ချက်ပြုတ်ခွံ့ကျွေးခဲ့ပုံများကို ဝိညာဉ်တိုင်းပြည်မှ ပြန်တွေး၍လွမ်းနေ ရှာလိမ့်မည်။ အထူးတလည် မလွမ်းပါလေနှင့်၊ ကိုယ့်တိုင်းပြည်လူမျိုးအ တွက် နယ်ချဲ့ရန်သူကို တားမြစ်အသက်ပေးခဲ့ခြင်းအတွက် ချစ်ရသူနှမက ထာဝရ ဂုဏ်ယူလျက်ရှိပါသည်ဟု ဆိုလိုဖွဲ့နွဲ့ခြင်းဖြစ်ပါ၏။

ရှေးရှေးကပင် ချင်းတိုင်းရင်းသူတို့သည် နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုမငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားသည့် ချစ်သူမောင်အတွက် အမြဲ ပင်ဂုဏ်ယူမဆုံးရှိခဲ့ကြသည်ကို မဒွေးသာ၏ "ကန်ဒါန်းနနေ" ချီသီချင်းက ယနေ့ အမှတ်တရ ပြောပြနေမြဲဖြစ်သည်။



ချင်းတောင်ညီညွတ်ရေးလူငယ်ခေါင်းဆောင်

မောင်အောင်လိန်း

ကိုနိုင်(ချင်းတောင်)

## အခန်း (၆)

### နယ်ချဲ့ဖိသွေးခွဲဖိနှိပ်မှုများ

ချင်းတောင်ဒေသသည် မြောက်လတ္တီတွဒ်ခုဝံနှင့် ၂၄ံကြား အရှေ့လောင်ဂျီတွဒ် ၉၃ံ ၁၅ ကြား၌ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း (၁၃၉၀၂) ရှိသည်။ နယ်ချဲ့တို့ဝင်ရောက်လာစဉ် မိမိဒေသအလိုက် ပြင်းထန်လှသည့် တော်လှန်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရသည်။ ဒူးလေး၊ ဝါးချွန်လက်နက်မှသာကိုင်သည့် ချင်းမျိုးချစ်များကို အမြောက်ကိုင်၊ ရိုင်ဖယ်ကိုင် အင်္ဂလိပ်တို့ အကျအဆုံး အရင်းအနှီးကြီးစွာပေး၍ နှိမ်နင်းခဲ့ရ၏။ အကယ်၍ လက်နက်ချင်းယှဉ်နိုင်လျှင် ဒေသခံမျိုးချစ်များ စုစည်းညီညွတ်လျှင် မိမိတို့မျက်မြေဆိုက်ရနိုင်သည်ကို အင်္ဂလိပ်တို့ နားလည်ပြီးဖြစ်သည်။ ချင်းတောင်၏ နယ်မြေအများစုကို သိမ်းပိုက်နိုင်ပြီးသည့်နောက် ဘက်ပေါင်းစုံမှ ဖိနှိပ်သွေးခွဲရေး လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

ကိုနိုင်(ချင်းတောင်)

## သွေးခွဲအုပ်ချုပ်ခြင်း

ချင်းတောင်ဒေသများ ဆက်သွယ်ပေါင်းစည်းမှု မရှိနိုင်စေရန် အောက်ပါအတိုင်း ခွဲခြမ်းအုပ်ချုပ်သည်။

(က) ရခိုင်မြောက်ပိုင်းနယ် ချင်းတောင်ဒေသများ အုပ်ချုပ်ရေးနယ်။

ယင်းနယ်၏အုပ်ချုပ်ရေးနှင့်စီရင်ရေးအရပ်ရပ်ကိုစစ်တွေတိုင်းမင်းကြီးက ဘုရင်ခံကို တာဝန်ခံ၍ အုပ်ချုပ်သည်။

(ခ) ပခုက္ကူ - ချင်းတောင်တန်းဒေသများအုပ်ချုပ်ရေး

မကွေးတိုင်းမင်းကြီးက ဘုရင်ခံကို တာဝန်ခံ၍ အုပ်ချုပ်သည်။

(ဂ) ချင်းတောင်မြောက်ခြမ်း ဒေသအုပ်ချုပ်ရေး

ဖလမ်းမြို့၌ ခရိုင်ရုံးစိုက်၍တောင်တန်းမင်းကြီးကိုတာဝန်ခံ၍ အုပ်ချုပ်သည်။

အပေါ်ယံကြည့်လျှင် တောတောင်ရေမြေ ကြမ်းတမ်းခက်ခဲမှုကြောင့် ဒေသခွဲခြမ်းအုပ်ချုပ်သည်ဟု ထင်ရဖွယ်ရှိ၏။ တကယ်တမ်းတွင် ဆိုင်ရာတိုင်းမင်းကြီး၊ ခရိုင်ဝန်များအောက်ရှိ ဒေသအာဏာပိုင်များကို ခွဲခြားခန့်ထားခဲ့သည်။ မညီမျှသော လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းဖြင့် များစွာ သွေးကွဲစေသည်၊

(က) အချို့ဒေသတွင်စော်ဘွား၊ စော်ခံကဲ့သို့ နယ်မြေပိုင်စိုးသူများ ထားရှိပြီး လူထု၏ သီးနှံအထွက် ဆယ်ဖို့တစ်ဖို့ တားစေခြင်း။

တိုနိုင်း(ချင်းတောင်)

(ခ) အချို့ဒေသတွင် တိုက်အုပ်များထားရှိပြီး တရားစီရင် စရိတ်၏ဆယ်ပုံတစ်ပုံစားစေခြင်း၊ပွဲလုပ်သူကခွာနေတက် တစ်ကောင်လျှင် ပေါင်တစ်ဖက် တောလိုက်မုဆိုးက တောကောင်ရတိုင်း ပေါင်တစ်ဖက်ပေးရခြင်း။

(ဂ) အချို့ဒေသတွင် တောင်အုပ်၊ တောင်ပိုင် မျိုးဆက်များ ဆက်လက်အသိအမှတ်ပြုကာမကျေနပ်လျှင်(၂၄)နာရီ ထိပ်တုံးခတ်ခွင့်၊ နယ် နှင်ဒဏ် ပေးပိုင်ခွင့်ရှိခြင်း။

ဤသို့ လူမျိုးချင်းတူပါလျက် တစ်နယ်တစ်မင်း၊ တစ်မင်းတစ် အာဏာစနစ်သည်လည်း များစွာသွေးကွဲစေပေသည်။

## ဥပဒေပြဌာန်းပိုနှိပ်ခြင်း

**၁၄၄၁ ခုနှစ်တွင်** ချင်းတောင်တန်းဥပဒေပြဌာန်းပြီးပုဒ်မ (၄) အရတောင်တန်းပြည်မမကူးသန်းရဟုပိတ်ပင်သည်။ ချင်းတောင်မြောက် ခြမ်းဒေသ မျိုးချစ်များက ရွှေရိုးဖြူမင်းသားနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်း၊ တောင်ခြမ်းဒေသ မျိုးချစ်များက ယောနယ်ဝမာမျိုးချစ်များနှင့် ပူးပေါင်း တိုက်ခိုက်ခဲ့ခြင်းကြောင့် နောင်မပူးပေါင်းနိုင်အောင် ရည်ရွယ်ပြဌာန်းသည် ဟု ယူဆဖွယ်ရှိ၏။ သို့သော် ဥပဒေပါ ပြဌာန်းချက်ကို ကျင့်သုံးရာ၌ တူညီ စွာ ကျင့်သုံးခဲ့ခြင်းမရှိချေ။ ပခုက္ကူ - ချင်းတောင်တန်းဒေသသည် မကွေး တိုင်းမင်းကြီးအုပ်ချုပ်မှုအောက်၌ ရှိပါလျက် ချင်းတောင်မှလူများ ပခုက္ကူ၊ မကွေးနယ်သွားမိလျှင်ပင် ဖမ်းဆီးထောင်ချခြင်းခံရ၏။ ပြည်မမှ သာသနာ

ပြုလို၍တက်ရောက်လာသည့်ရဟန်းတော်များသည်ပင် ဖမ်းဆီးပြစ်ဒဏ် ချခြင်းခံရ၏။ ထိုသို့ ချင်းလူမျိုးများကို ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည့် အင်္ဂလိပ် အရာရှိများအနက် အပြင်းထန်ဆုံး လက်စွမ်းပြလုပ်ဆောင်ခဲ့ကြသူများမှာ ကာနယ်ဘန်း၊ မေဂျာမိုး၊ မစ္စတာစတီဗင်ဆင်တို့ဖြစ်၍ ချင်းလူထုက ယနေ့ တိုင် မမေ့နိုင်။ (သိန်းဖေမြင့် - ဝိသေသတိုင်းသမိုင်းအစ၊စာ - ၃၆၊၃၇)

## နယ်ချဲ့လက်အောက် လမ်းပန်းဆက်သွယ်ရေး(၁၉၄၁)ထိ

လူထုသွားလာရေးအတွက်မဟုတ်ဘဲ အင်္ဂလိပ်တို့ အုပ်ချုပ်ရေး လမ်းအဖြစ် အောက်ပါအတိုင်း ဖောက်လုပ်ခဲ့၏။

| | |
|---|---|
| ၁။ ဖလမ်း - တီးအိုချောင်းလမ်း (မြစ်ဘေးလားလမ်း) | ၆၃ မိုင် |
| ၂။ ဟားခါး - ကုန်းချောင်း (မြင်း/လားလမ်း) | ၄၄မိုင် |
| ၃။ ဟားခါး - ကန်လမ်း (မြင်း/လားလမ်း) | ၅၅ မိုင်း |
| ၄။ ဆောမြို့မှ ကန်ပက်လက်မြို့ကိုဖြတ်၍ | |
| ဝိတ်ိုရိယတောင် (နတ်မတောင်) | |
| အောက်ရှိကြက်ခြေတောင်လမ်း (မြင်း/လား လမ်း) | ၁၅ မိုင် |
| ၅။ မင်းတပ် - ဟီလောင်း (မြင်း/လားလမ်း) | ၁၄ မိုင် |
| ၆။ မင်းတပ် - ကန်ပက်လက် (မြင်းလားလမ်း) | ၃၂ မိုင် |
| ၇။ ဖလမ်း - အင်းဒင် (မြေသားဂျစ်ကားလမ်း) (ချင်းနယ်၌) | ၃၉မိုင် |
| ၈။ဟားခါး - ပြင်သာဆိပ် (မြေသားဂျစ်ကားလမ်း) (ချင်းနယ်၌) | ၁၂၄ မိုင် |

ဤမျှကျယ်ပြန့်သည့်ဒေသတွင် မြင်း/လားလမ်း ၂၂၃ မိုင်နှင့် မြေသားဂျစ် ကားလမ်း ၁၆၃ မိုင်သာ ဖောက်လုပ်ခဲ့သည်။အချို့မြင်းလား လမ်းများမှာ အင်္ဂလိပ်အရာရှိများ တောလည်အမဲလိုက်ရန် ရွာလူထု အခမဲ့ ဖောက်ပေးရခြင်းဖြစ်ပြီး ကန်ပက်လက်မှ တောတွင်း ကြက်ခြေတောင် လမ်းသည် မုဆိုးလမ်းသက်သက်သာဖြစ်သည်။ ဤမျှဖြင့် နယ်ချဲ့အင်္ဂလိပ် ၏ ချင်းတောင် အပေါ်ထားရှိသည့် စေတနာကို သိနိုင်လောက်ပြီ။

## နယ်ချဲ့လက်အောက်ပညာရေး

ချင်းတောင်တန်း၌ အင်္ဂလိပ်တို့ သွေးစုပ်ချယ်လှယ်၍ နှစ်ပေါင်း အတန်ကြာသော် ဖလမ်းမြို့၌ (၇)တန်းကျောင်းဖွင့်လှစ်သည်။ သို့သော် ၁၉၂၅ ခုနှစ်တွင် ထိုကျောင်းကို ဖျက်သိမ်းလိုက်သည်။ ချင်းစာတီထွင်ပြီး ဖြစ်၍ ချင်းစာ၊ မြန်မာစာ (၄) တန်းအထိသာ သင်ယူနိုင်သည့် ကျောင်းများ ကို အောက်ပါစည်းကမ်းချက်များဖြင့် ပြန်လည်ဖွင့်လှစ်သည်။

(က) စာသင်ကျောင်းသည် အမြင့်ဆုံး ချင်းစာ (၄)တန်း၊ မြန်မာစာ (၄) တန်းသာ သင်ကြားနိုင်ခွင့်ရှိသည်။

(ခ) ကျေးရွာပေါင်း (၂၅) နှင့် (၃၀) တစ်စုလျှင် ကျောင်း (၁) ကျောင်းသာ ဖွင့်လှစ်ခွင့်ရှိသည်။

(ဂ) အိမ်ခြေ (၅၀) ရှိသောရွာသည် ကျောင်းသားအများဆုံး (၅) ဦးသာ ထားခွင့်ရှိသည်။

(ဃ) ချင်းလူမျိုးများသည် မြန်မာစာလုံးဝ သင်ကြားခွင့်မရှိစေ

ရ။ အူရ်ဒူ ဘာသာသင်ရမည်။

(င) သတ်မှတ်ထားသည့် အသက်ပြည့်သူ၊ မကျော်သူသာ ကျောင်းတက် ခွင့်ရှိသည်။

(စ) ကျောင်းနေခွင့်ပြုသည့် ကျောင်းသားဦးရေ နှစ်အလိုက် ထုတ်ပြန်ပေးမည်။

(ဆ) သတ်မှတ်ထားသော ငွေကြေးပေးသွင်းရမည်။

ဤသို့ ရွာပေါင်း (၃၀)ခန့်၌ ချင်းစာ (၄)တန်း၊ မြန်မာစာသင်ခွင့် မရှိသည့် ကျောင်းတစ်ကျောင်းသာ ဖွင့်ခွင့်ပြုခြင်းသည်ပင်လျှင် ဖလမ်း ခရိုင်ဝန်အုပ်ချုပ်သည့်နယ်မြေအတွင်းသာဖြစ်၍ အခြားဒေသများအတွက် စဉ်းစားခြင်းပင်မရှိချေ။ ဤပြဌာန်းချက်များသည် လူမဆန်သော ပြဌာန်း ချက်များဟုပင် ဆိုနိုင်လောက်သည်။ သို့ဖြစ်၍ ချင်းတောင်ကို အမှောင် အတိုင်းရှိနေစေရန် အမှောင်အတွင်းထားရှိခဲ့လေသည်ဟု (သိန်းဖေမြင့် - ဝိသေသတိုင်းသမိုင်းအစ - စာ - ၂၈၄)တွင် ဖော်ပြထားပါသည်။ အင်္ဂလိပ် တို့၏စည်းကမ်းဥပဒေကိုကြည့်ခြင်းဖြင့် မည်မျှနှိပ်ကွပ်ခဲ့သည်ကိုတွေ့မြင် နိုင်သည်။

ကိုနိုင်း(ချင်းတောင်)

## အခန်း (၇)

### နိုးကြားလာသည့် ချင်းတောင်နိုင်ငံရေး

**၂၃၊ မတ်။ ၁၉၃၃ (ဖလုန်းနူးညီလာခံ)။**

အင်္ဂလိပ်နယ်ချဲ့၏ မတရားဖိနှိပ်ချုပ်အုပ်ချုပ်မှုကိုဖျက်ရန် ချင်းမျိုးချစ်ခေါင်းဆောင် ဦးဝမ္မသူးမောင်း ခေါင်းဆောင်လျက် ကန်ပက်လက်နယ် မသုန်းနူးရွာ (ယခုမင်းတပ်မြို့နယ်) လူထုအစည်းအဝေးကြီး ကျင်းပသည်။

**၂၄၊ မတ်။ ၁၉၃၃။**

ထိုအစည်းအဝေးကြီးမှ ချင်းအမျိုးသား ညီညွတ်ရေးအဖွဲ့ (ခမညဖ) ကိုဖွဲ့စည်းသည်။ ချင်းအမျိုးသားနိုင်ငံရေးဦးဆောင် အဖွဲ့အစည်းဖြစ်သော ခမညဖဗဟိုဦးဆောင်ကော်မတီ၊ တိုက်နယ်တာဝန်ခံအမှုဆောင်များအဖွဲ့၊ ချင်းအမျိုးသမီးအဖွဲ့ချုပ်ဟူ၍ ဖွဲ့စည်းသည်။

## ၁၉၃၀ ပတ်ဦးဆောင်ကော်မတီ

| | | | |
|---|---|---|---|
| ၁။ | ဦးဝမ္မသူးမောင်း | ဥက္ကဋ္ဌ | ဝမ္မသူးရွာ |
| ၂။ | ဦးရိုးလိန်း | ဒု-ဥက္ကဋ္ဌ | ပန်းလောင်းရွာ |
| ၃။ | ဦးကီးဖေလိန်း (သခင်အောင်မင်း) | အတွင်းရေးမှူး | တောင်ကုန်းရွာ |
| ၄။ | ဦးအွမ်နိန်း (သခင်အောင်ညွန့်) | တွဲ/အတွင်းရေးမှူး | ထာလောင်းရွာ |
| ၅။ | ဦးကီးဘူးဟုန်း | အမှုဆောင် | ဇာတ်ကောက် |
| ၆။ | ဦးထန်းဘွေ (သခင်ဘမောင်) | ။ | ခွိုးရိန်ရွာ |
| ၇။ | ဦးထန်းရှိန်း | ။ | ပိုင်းတွိရာ |
| ၈။ | ဦးလိန်းဇေ (သခင်စိန်) | ။ | ။ |
| ၉။ | ဦးဝရဲလောဟာ | ။ | ဝရဲရွာ |
| ၁၀။ | ဦထန်းဟာ | ။ | ဘောင်ရွာ |
| ၁၁။ | ဦးဝမ္မသူးပိုင်း | ။ | ဝမ္မသူးရွာ |
| ၁၂။ | ဦးအွမ်ဟာ | ။ | တွိုးရိန်ရွာ |

## တိုက်နယ်တာဝန်ခံအမှုဆောင်များ

| | |
|---|---|
| ၁။ နော်ချောင်းတိုက်နယ် | ဦးလောဟာလိန်းထန်း |
| | ဦးအောင်လောဟာ |
| | ဦးနိန်းဘူးကီး |
| ၂။ မောချောင်းတိုက်နယ် | တောင်ကုန်းအွမ်နိန်း |
| ၃။ ယောချောင်းတိုက်နယ် | ဦးဟုန်းနိန်လိန်း |
| | ဦးငိုင်းနိန်း |
| | ဦးခွီးရိန်ဂေလိန်း |
| ၄။ မောင်းချောင်းတိုက်နယ် | ဦးလောကီးဟာ |
| | ဦးဒေါက်တွယ်ထန်းနိုင်း |
| | ဦးမင်းနိုင်းထန်းယော |
| ၅။ ရှီချောင်းတိုက်နယ် | ဦးမာန်လိန်း |
| | ဦးကျာန်နိန် |
| ၆။ အရှေ့ယင်ဒူးတိုက်နယ် | ဦးနိုင်းလိန်းသာ (ကန့်သာရုံ) |
| | ဦးထန်းတွန်း (လှလောင်းပန်ရွာ) |
| | ဦးလိန်းထွန်း (လှလောင်းပန်ရွာ) |
| ၇။ ကျင်ခွေးတိုက်နယ် | ဦးလုံး (ကျင်ခွေးရွာ) |
| | ဦးကြယ်ကြီး |
| ၈။ အနောက်ယင်ဒူးတိုက်နယ် | ဦးထန်းနိုင် |
| | ဦးမနွားနိုင်း |

ကိုနိုင်း(ချင်းတောင်)

| | |
|---|---|
| ၉။ လိုမ်လိုမ်တိုက်နယ် | ဦးဟုန်းမနား |
| | ဦးမနားထန်း |
| | ဦးကီးပိုင်း |
| ၁၀။ ရှားတူတိုက်နယ် | ဦးမနားကီး |
| | ဦးဟာဇေ |
| ၁၁။ ခင်ဖောင်တိုက်နယ် | ဦးကီးလိန်း |
| | ဦးဟာနူ |
| ၁၂။ ချန်းပြန်းတိုက်နယ် | ဦးသန်းမာ |
| | ဦးသန်းအေး |
| | ဒေါ်လုံးလို |
| ၁၃။ ရော်တိုက်နယ် | ဦးအွမ်ရှေ |
| | ဦးလီကီး |
| | ဦးပိုင်းလေထန်း |
| ၁၄။ ရောင်ဝါတိုက်နယ် | ဦးလွဲကီးလင်း |
| | ဦးနိန်းကီး |
| | ဦးကီးလော |

## ချင်းအမျိုးသမီးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့

| | | |
|---|---|---|
| ၁။ သခင်မကြီး ဒေါ်ချယ်လောထုံ | ဥက္ကဋ္ဌ | (လိုရှံးရွာ) |
| ၂။ ဒေါ်အွမ်ရိန် | အတွင်းရေးမှူး | (ဖကောင်ကုန်းရွာ) |
| ၃။ ဒေါ်ထန်းမန် | တွဲဘက်အတွင်းရေးမှူး | (ရန်ပန်းရွာ) |
| ၄။ ဒေါ်ဂေတီး | အမှုဆောင် | (ဝမ္မသူးရွာ) |
| ၅။ ဒေါ်ဟာရောင် | ။ | (ဝမ္မသူးရွာ) |
| ၆။ ဒေါ်လိန်းရှယ်ယောင် | ။ | (ဝမ္မသူးရွာ) |
| ၇။ဒေါ်ထန်းရွှေ | ။ | (ထာလောင်းရွာ) |
| ၈။ ဒေါ်ကီးလိုင်း | ။ | (နှိုးရိန်ရွာ) |
| ၉။ ဒေါ်ထန်းပိုင် | ။ | (ဝရဲရွာ) |
| ၁၀။ ဒေါ်ဘွေပိုင် | ။ | (လိုယောရွာ) |

**၂၉၊စက်တင်ဘာ၊၁၉၃၄။**

**သဘောတူညီလာခံ**

ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့၏ပထမဆုံးညီလာခံကိုဝရဲရွာ၌ ကျင်းပသည်။ အင်္ဂလိပ်၏ မတရားခွဲခြား အုပ်ချုပ်သည့် ပြဋ္ဌာန်းချက်မှ သမျှ ဖျက်ပေးရေး တောင်းဆိုလှုပ်ရှားရန်ဆုံးဖြတ်သည်။

## ၂၀၊ဒေသဇော်ဝါရီ၊၁၉၃၈။

## လူထုဆန္ဒပြပွဲ

မကွေးတိုင်းမင်းကြီးသည် ကန်ပက်လက်မြို့၌ ဒါဘာပွဲပြုလုပ်သည်။ ယင်းဒါဘာပွဲတွင် ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့က လူအင်အား (၅၀၀၀)ကျော် တက်ရောက်သည်။ ဒါဘာပွဲတွင် အင်္ဂလိပ်၏ လူမျိုးခွဲခြားမတရား ပြဌာန်းချက်များကို ပယ်ဖျက်ပေးရန်တောင်းဆိုသည်။ တိုင်းမင်းကြီး မက္ကင်ဇီက၊ တောင်းဆိုချက်များသည် ကျောက်ဆောင်မာကိုနာခေါင်းဖြင့်ဆောင့်ခြင်းနှင့်တူလိမ့်မည်ဟုပြောကြားသည်။ လူထုကြီးက အော်ဟစ်ဆန္ဒပြရှိတက်ကြသည်။ တိုင်းမင်းကြီးလည်း ညတွင်းချင်း ဆောမြို့သို့ထွက်ပြေးသည်။ တိုက်နယ်အမှုဆောင် လှလောင်းပန်ရွာ ဦးထန်းထွန်း၊ ဦးလိန်းထွန်း၊ လူငယ်ခေါင်းဆောင် မောင်အောင်လိန်း၊ မောင်ဘူလိန်းတို့က ကြေးနန်းရုံးသို့သွားရောက်ပြီး၊ အင်္ဂလိပ်မတရားပြဌာန်းချက်များ ပယ်ဖျက်ပေးရန် ဘောင်တန်းမင်းကြီးထံ ကြေးနန်းရိုက် တောင်းဆိုသည်။ မကွေးတိုင်းမင်းကြီးကလည်း ဆူပူမှုနှိမ်နင်းရေး စစ်တပ်ပို့ပေးပါရန် ဘုရင်ခံနှင့် ဘောင်တန်းမင်းကြီးထံ ကြေးနန်းရိုက် တောင်းဆိုသည်။

မကြာမီ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့ကို အစိုးရက မတရားသင်းအဖြစ် ကြေညာလိုက်သည်။ ၂၀၊ ဖေဖော်ဝါရီ၊ ၁၉၃၉၊ ဦးဝမ္မသူးမောင်း အပါလူထုခေါင်းဆောင် (၁၀၀)ကျော်ကို တစ်သုတ်ပြီးတစ်သုတ်ဖမ်းဆီးပြီး၊ မြန်မာပြည်အနှံ့ အချုပ်ထောင်များသို့ ဖြန့်ခွဲပြီး အကျဉ်းချထားလိုက်သည်။

ခမညဖနှင့်
ဗိုလ်ချုပ်အောင်ဆန်း

## သခင်အောင်ဆန်းနှင့်ခမညဖ

(ခမညဖ) ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့သည် နယ်ချဲ့ဗြိတိသျှကို ပြင်းထန်စွာ သပိတ်မှောက် ဆန့်ကျင်ခဲ့သဖြင့်၊ ခမညဖ အဖွဲ့ကို မတရားအသင်း ကြေငြာသည်။ ခေါင်းဆောင် ဦးဝမ္မသူးမောင်း အပါအဝင် ဒေသခေါင်းဆောင်များကို ဖမ်းဆီးထောင်ချနှိပ်စက်သည်။ ထိုသို့ အဖမ်းအဆီးများဖြစ်ပွားနေဆဲ၌ သခင်အောင်ဆန်းနှင့် သခင်တင်မောင် (ကျုံမငေး) တို့၊ ဖလမ်းမြို့တွင် ကျင်းပသည့် ဟာခါတညီလာခံတက်ရောက်၍ အပြန်ခရီး၌ဖြစ်သည်။

**သခင်အောင်ဆန်း**
**ပြည်ပသို့ အသောတရှင်**
**ထွက်ခွာရန် ဖန်တီးပေးလိုက်သည့်အကြောင်း**

ဟသာ်တညီလာခံ၊ ဇလွန်မြို့မှအပြန် သခင်အောင်ဆန်းနှင့် သခင်တင်မောင်တို့သည် ဒေါင့်ကြီးကျေးရွာ အစည်းအရုံး၏ဖိတ်ခေါ်ချက်အရ တရားပွဲတစ်ခုကျင်းပသည်။ ဦးစွာ သခင်တင်မောင်က ဟောပြောသည်။ သခင်အောင်ဆန်း ဟောပြောပွဲစင်မြင့်ပေါ်တက်၍ စကားစလျှင် ရာဇဝတ်ဝန်ကြီး မစ္စတာဖေဗီးယားက သခင်အောင်ဆန်းအား ချင်းတောင်အကြောင်းများ ထည့်သွင်း ဟောပြောခြင်းမပြုရန်၊ ဟောပြောခဲ့လျှင် ကာကွယ်ရေးဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း နို့တစ်စာကို ပုလိပ်အရာရှိတစ်ဦးဖြင့် ပေးပို့သည်။

သခင်အောင်ဆန်းကလည်း ချင်းတောင်နယ်မြေအကြောင်း ပြောပြရန် ယခုမှပင် သတိရတော့သည်ဟု ပြောဆိုလျက်၊ နို့တစ်စာကို ကျယ်လောင်စွာဖတ်ပြပြီး၊ ချင်းတောင်တန်းသားများအား အင်္ဂလိပ်၏ ရက်စက်စွာ နှိပ်ကွပ်ဖိနှိပ်မှုများကို အကျယ်တဝင့် ဟောပြောလေတော့သည်။ ထိုတရားပွဲပြီးပြီးချင်း၊ သခင်အောင်ဆန်းအားကာကွယ်ရေးဥပဒေအရ ဖမ်းဝရမ်းထုတ်သည်။ ဟသာ်တမြန်မာပုလိပ်အရာရှိတစ်ဦး၏အကူအညီဖြင့် လွတ်ထွက်လာကြသည်။ လွတ်ထွက်လာကြသဖြင့် သခင်အောင်ဆန်း အား ဖမ်းပေးနိုင်သူ/ သတင်းပေးနိုင်သူကို ဆုငွေ (၅ိ/) ပေးမည်ဟု မစ္စတာဖေဗီးယားက ကြေငြာသည်။ ဤသို့ကြေညာသဖြင့် ရန်ကုန်မြို့ (၅၃) လမ်းရှိ အိမ်တစ်အိမ်၌ ကိုယ်ဖျောက်ပုန်းရှောင်နေရ၏။

ကိုနိုင်း(ချင်းတောင်)

ဖမ်းဝရမ်းကို ရှောင်ပုန်းရင်း ပြည်ပသို့ ဆောလျင်စွာ ထွက်ခွာသွားနိုင်ရန် အပူတပြင်း စီစဉ်ကြရသည်။

***၅ရှမ်း၁၉၄၀***၌ သခင်အောင်ဆန်းသည်ပြည်ပသို့တိတ်တဆိတ်ထွက်ခွာသွားခဲ့သည်။ ဤအချက်ကိုပြန်လည်ဖော်ပြခြင်းမှာ ချင်းတောင်၏ လွတ်မြောက်ရေးလှုပ်ရှားမှုနှင့် ဗိုဟာအစည်းအရုံး လွတ်လပ်ရေးလှုပ်ရှားမှုတို့ တစ်သားတည်းရှိနေခဲ့ခြင်းကို ဖော်ပြလို၍ဖြစ်သည်။



ချင်းတောင်ညီညွတ်အဖွဲ့ခေါင်းဆောင်

ဦးဝမ္မသုံးမောင်း

ကိုနိုင်း(ချင်းတောင်)



ချင်းတောင်ညီညွတ်ရေးလူငယ်ခေါင်းဆောင်

မောင်ဘူလိန်း

ဂိုနိုင်း(ချင်းတောင်)

## အခန်း (၈)

### ဂျပန်ခေတ်
### ချင်းတောင်

ဦးဝမ္မသူးမောင်းအပါအဝင် ချင်းလူထုခေါင်းဆောင်များ ထောင်နန်းစံသွားရ၍ မကြာမီဂျပန်တပ်ဝင်လာသည်။ အင်္ဂလိပ်တို့ ချင်းတောင် မြို့များကို မီးရှို့ခဲ့ခြင်း၊ ဗုံးပြန်ကျဲခြင်းဖြင့် မြေလှန်ဖျက်ဆီးခဲ့ပြီး အိန္ဒိယသို့ ထွက်ပြေးသွားကြသည်။

အင်္ဂလိပ်အပြေး၊ ဂျပန်မရောက်မီကြားက ချင်းတောင် ယာယီ အုပ်ချုပ်ရေး ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်။

## ချင်းတောင်ယာယီအုပ်ချုပ်ရေးအဖွဲ့

၁။ ဦးမာန်ကင် (ဦးခင်အောင်) ဥက္ကဋ္ဌ (ကျဆုံး)

၂။ ဦးလိန်းအွမ် (နောင် ကန်ပတ်လက် ဂျပန်မြို့အုပ်ဖြစ်လာ)

၃။ ဦးအောင်သာဟုန်း (ချင်းတောင်သမိုင်းရေးသူ မင်းတပ်ဘူနိန်း၏ဖခင်)

၄။ ဦးကီးလော (နောင်သမဝါယမဦးစီးမှူး)

၅။ ဦးထန်းမောင် (ဦးဘချစ်) (ကျဆုံး)

၆။ ဦးအိမ်ကောသာရှယ်

၇။ ဦးထန်းခွီရှိန်း (နောင်ကျန်းမာရေးအင်စပက်တော်)

၈။ ဦးအောင်ခေါင် (နောင်သမဝါယမီဦးစီးမှူး

၉။ ဦးဟမ်းဘုံထန်း (ဝဏ္ဏကျော်ထင်ဟမ်းဘုံထန်း)

၁၀။ ဦးထန်းရှိန်း

၁၁။ ဦးလိန်းလွေတို့ဖြစ်၏။

ဦးဝမွသူးမောင်း တောင်ကပြန်ထွက်လာလျှင် ဦးမာန်ကင်က ဥက္ကဋ္ဌရာထူးလွှဲပေးပြီး ချင်းတောင်ယာယီအုပ်ချုပ်ရေးအဖွဲ့ကို အောက်ပါ အတိုင်းပြုပြင် တိုးချဲ့ဖွဲ့စည်းသည် -

၁။ အုပ်ချုပ်ရေးဌာန

၂။ ကာကွယ်ရေးဌာန

၃။ တရားရေးဌာန

## ၁။ အုပ်ချုပ်ရေးဌာနတာဝန်ခံများ

(က) ဦးဝမ္ပသူးမောင်း ဥက္ကဋ္ဌ (နောင်ရှင်းရေးရာဝန်ကြီး)

(ခ) ဦးမာန်ကင် ဒု-ဥက္ကဋ္ဌ (ကျဆုံး)

(ဂ) ဦးကီးဖေလိန်း (သခင်အောင်မင်း) (နောင်နိုင်ငံတော်ကောင်စီဝင်)

(ဃ) ဦးရှိသာအွမ်နိန်း အဖွဲ့ဝင် (သခင်အောင်ညွန့်)

(င) ဦးလိန်းအွမ် ။(နောင်ကန်ပက်လက်ဂျပန်မြို့အုပ်)

## ၂။ တာတွယ်ရေးဌာန

(က) ဦးအောင်သာဟုန်း ဥက္ကဋ္ဌ (နောင်၊ ရုံးစာရေး)

(ချင်းတောင်သမိုင်းရေးသူ မင်းတပ်ဘုနိန်း၏ဖခင်)

(ခ) ဦးကီးလော အဖွဲ့ဝင် (နောင်သမဝါယမ ဦးစီးမှူး)

(ဂ) ဦးထန်းမောင်း ။

(ဃ) ဦးအိမ်ကောသာရှယ် ။

(င) ဦးထန်းခွီရိုန်း ။(နောင်ကျန်းမာရေးအင်စပက်တာ)

(စ) ဦးအောင်ခေါဂေ ။ (နောင်သမဝါယမဌာနမှူး)

## ၃။ တရားရေးဌာနတာဝန်ခံများ


(က) ဦးဟမ်းဘုံထန်း ဥက္ကဋ္ဌ (နောင်ပါလီမန်အမတ်)

(ဝဏ္ဏကျော်ထင်ဟမ်းဘုံထန်း)

(ခ) ဦးဝမ္မသူးဇိုင်း အဖွဲ့ဝင် (နောင်ရဲအုပ်)
(ဂ) ဦးထန်းရှိန်း အဖွဲ့ဝင်
(ဃ) ဦးလိန်းလွေတို့ ဖြစ်၏။

ထိုအဖွဲ့သည် ချင်းတောင်ရေးရာ အရပ်ရပ်ကို **၁၊ဇွန် ၁၉၄၂ မှ ၂၈၊ ဖေဖော်ဝါရီ ၁၉၄၅ ခုနှစ်**အထိ တာဝန်ယူခဲ့သည်။ ယင်းအဖွဲ့မှ ဖက်ဆစ်တော်လှန်ရေးအတွက် တပ်သားများ ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းပေးပို့သည်၊ ကိုယ်တိုင်ကိုယ်ကျလည်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။

ထိုအဖွဲ့စေလွှတ်သည့် ချင်းလူငယ်များထဲမှ ဗိုလ်လင်း (ရေှ - နိန်လိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဖြစ်လာ)၊ ခွဲလုံ အွမ်ပိုင်း (ဗိုလ်အောင်ရွှေ) အောင်လောဟာ (ဗိုလ်ကျော်ဦး - ကျဆုံး)တို့ ထင်ရှားသည်။



ချင်းတောင်နှင့်
ဖက်ဆစ်ဂျပန်တော်လှန်ရေး

**၄-ဩဂုတ်၊ ၁၉၄၄။**

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေး ပြည်သူ့လွတ်လပ်ရေးတပ်ပေါင်းစု (ဖတပလ) ဖွဲ့စည်းဆောင်ရွက်သည်။ ဖွဲ့စည်းပြီးသည်နှင့် ချင်းတောင်ယာယီအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝမ္မသူးမောင်းအား ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းညှိနှိုင်းရန် ဗိုလ်ကျော်ဦး (အောင်လောဟာ)ကို လွှတ်၍ခေါ်သည်။

ဦးဝမ္မသူးမောင်းနှင့် သခင်အောင်ညွန့်ပါ (၄) ဦးတို့၊ ဗိုလ်ချုပ်အောင်ဆန်းအားတိုင်း၇၊ပြည်မြို့၌လာရောက်တွေ့ဆုံသည်။ ဖက်ဆစ်တော်လှန်ရေးအစီအစဉ်များ ညှိနှိုင်းရေးဆွဲကြသည်။ ဦးဝမ္မသူးမောင်းနှင့် ချင်းတောင်ခေါင်းဆောင်များအပါအဝင် ချင်းမျိုးချစ် (၄၀၀)ကျော်သည် ဖက်ဆစ်တော်လှန်ရေးတိုင်း၅၊ တိုင်း၆၊ တိုင်း၇ တို့၌ ပါဝင်တိုက်ခိုက်ကြသည်။



ကိုနိုင်း(ချင်းတောင်)

## မိုးချစ်အဆိုတော်

## မရှင်းသာ

အင်္ဂလိပ်ထွက်ပြေးပြီး ကန်ပတ်လက်မြို့၌ ဦးလိန်းအွမ် မြို့အုပ်ဖြစ်လာသည်။ ဂျပန်ခေတ်ဖြစ်၍ ဂျပန်မြို့အုပ်ဟုတွင်၏။ လုံခြုံရေးတပ်ဖွဲ့များအဖြစ် မောင်းကီးအမှုထမ်းရပြီး၊ မြို့အုပ်ခရီးစဉ်များ၌ လိုက်ပါရ၏။ မောင်းကီးသည် မရှင်းသာနှင့် စေ့စပ်ထားရှိသည်။ တစ်နေ့ ခိတော်ရွာ၌ မြို့အုပ်ဦးလိမ်းအွမ်တို့အဖွဲ့ရောက်ရှိသည်။ လှလောင်းပန်ရွာငယ်အား ခိတော်ရွာနှင့် ပူးပေါင်းရန် မြို့အုပ်ကညွှန်ကြားသည်။ လှလောင်းပန်ရွာသား ဦးလိန်းထွန်းက လက်မခံ။

ခြေထောက်နှစ်ဖက်ကြိုးတုပ်ပြီး ထုပ်တန်း၌ ပြောင်းပြန်ဇောက်ထိုးဆွဲထားလျက် သံတုတ်နှင့် ရိုက်နက်ကြသည်။ ဦးလိန်းထွန်းမှာ ပါးစပ်မှ သွေးများအန်ထွက်သည်ဆို၏။ ထိုအချင်းအရာကို မရှင်းသာသည် ကိုယ်

တိုင်တွေမြင်၊ များစွာရွံ့ရှာစက်ဆုပ်ခဲ့သည်။

ထိုနှစ် မရှင်းသာနှင့် မောင်းကီးတို့လက်ထပ်ရန် သတ်မှတ်ရက် ရောက်လာ၏။ ချင်းမလေ့ထုံးတမ်းအရ လက်ထပ်ရက်မတိုင်မီ တစ်ရက် အလို၌ မိန်းကလေး ကိုဦးစွာခေါ်ယူပြီး "အမ်အုမ်ပွဲ" ခေါ်ဂုဏ်တင်ပွဲလုပ်ရ ၏။ နောက်တစ်နေ့ မိန်းကလေးမိဘများထံ မင်္ဂလာဆောင်သွားရောက်ရ လေသည်၊ အမ်အုမ်ပွဲ (ခေါ်) ကြိုတင်သတို့သမီး ဂုဏ်တင်ပွဲပြုလုပ်ရန် မောင်ကီး၏ ဆွေမျိုးများက လာရောက်ခေါ်ယူလေလျှင် မရှင်းသာသည် ချင်းရိုးရာပါး လက်ဆောင်တေးတစ်ပုဒ်ကိုသီဆိုပေးပို့ကာ အပြတ်ငြင်း ပယ်လိုက်တော့သည်။ ထိုခေတ်က အလွန်ပြုနိုင်ခဲ့သော ကိစ္စပင်ဖြစ်သည်။ ဂျပန်လုံခြုံရေးတပ်ဖွဲ့၏အပြုအမူကို နှလုံးနာသဖြင့် ချစ်သူကိုစွန့်ပယ်လိုက် ခြင်းဖြစ်၏။ ဦးလိန်းထွန်းနှင့် ဆွေမျိုးတော်စပ်သူမဟုတ်ချေ။ နှလုံးနာနာ ဖြင့် သီဆိုပေးပို့ခဲ့သည့် ချင်းသီချင်းအမည်က မြို့အုပ်ခေါ့ကျဲ (မြို့အုပ် အောက်ဆွဲ) ဖြစ်သည်။



ကိုနိုင်း(ချင်းတောင်)

## မြို့အုပ်ဆော့ကဲ့ရို ချင်းသီချင်း
## (မြို့အုပ်အောက်ဆွဲ)

- ပင်လယ်ရပ်ခြား၊ တိုင်းတစ်ပါးမှ

ကုလားဖြူရောက်၊ သူ့လက်အောက်၌
ပြားပြားမှောက်၍၊ တွေ့လျှင်သခင်
မြင်လျှင်ဘုရား၊ ခ ဝပ်တွားရ
ရှည်လျားကာလ၊ ကြာခဲ့လှ၏
ထိုမှတဖန်၊ ဂျပန်အဝင်
ဆင်ကအလိုက်၊ ကျားကကိုက်သို့
စရိုက်ညစ်ဆိုး၊ ထိုလူမျိုးကို
အားကိုးစုံမက်၊ တူပေါင်းဖက်က
ကျားထက်ဆင်က ဆိုးတော့မည်။

- ချစ်မိဝန်တာ၊ ရှိခဲ့ပါ၍

ရင်မှာတမ်းတ၊ လွမ်းခဲ့ရလည်း
စုမှပြန်တွေ့၊ ယှက်တုံ့သေး၏
ဘိုးဘေးဘီဘင်၊ ရာဇဝင်၌
အထင်အရှား၊ ဝှက်တင်ထား၏
နယ်သားရပ်ရွှင်၊ မြတ်နိုးကြင်သည့်
သခင်မျိုးမြတ်၊ ဖြစ်တုံလတ်လျက်
တစ်ရပ်တစ်ခြား၊ တိုင်းတစ်ပါး၏

ကိုနိုင်း(ချင်းတောင်)

**ရမ်းကားကြမ်းကြုတ်၊ အမှုယုတ်ကို**

**အဟုတ်ကူးယူ၊ တစ်မင်းမူ၍**

**မျိုးတူသားချင်း။ ရိုက်ပုတ်ညှဉ်းသည်**

**ရင်တွင်းနလုံး၊ နာမဆုံးတည့်။**

**- စရိုက်ဖောက်ပြား။ လူမျိုးခြား၏**

**ရမ်းကားအောက်ကျကျွန်ပါပကို**

**တုပယုံယူ၊ ဖောက်ပြန်သူအား**

**နှင်းမြူတစ်ဓ၊ ပမာကာမျှ**

**ဆန္ဒရင်တွင်း၊ မငုံမင်တော့**

**နေဝင်မိုးချုပ်၊ အချိန်ပုပ်ပြီ**

**မြို့အုပ်အောက်ဆွဲ ပြန်ပေတော့။**

ချင်းတောင်အုပ်ချုပ်ရေး ဗဟိုအဖွဲ့သည် ဂျပန်ကင်ပေတိုင်များက ချင်းလူမျိုးများကို မနှိပ်စက်နိုင်အောင် ကာကွယ်ပေးနိုင်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ထိုအဖွဲ့က တာဝန်ပေးခန့်အပ်သည့် ဒေသန္တရအာဏာပိုင်များမှာမူ ကင်ပေတိုင်များကဲ့သို့ပင် ဖြစ်နေကြောင်း မရှင်းသာ၏ မြို့အုပ်အောက်ဆွဲသီချင်းက ထင်ဟပ်ပြလျက်ရှိသည်။ မရှင်းသာသည် လက်နက်ကိုင်၍ နယ်ချဲ့တွန်းလှန်တိုက်ပွဲ၌ ပါဝင်ခဲ့သူမဟုတ်သော်လည်း၊ နလုံးသားဖြင့် တွန်းလှန်တိုက်ပွဲဝင်ခဲ့သဖြင့် ခေတ်တစ်ခေတ်ကို ပုံဖော်သည့် သီချင်းဖြစ်၍ ပြန်လည်ဖော်ပြလိုက်ပါသည်။ သီချင်းသံက ပေးလိုသည့် အနက်ကို ယနေ့ ချင်းလူငယ်တို့ မြင်နိုင်စေရန်ဖြစ်ပါသည်။

ကိုနိုင်း(ချင်းတောင်)

## အခန်း (၉)

### ဘီအိုင်အေကာလ ချင်းစစ်သည်တာဆိုမောင်းထန်း၏ ကျေးမကောဒို(ဖါနင့်ဝှါမြေ) သီချင်း

ချင်းတောင်တန်း၊နတ်မတောင်ဒေသသည် နယ်ချဲ့အင်္ဂလိပ်ကို အရှည်ကြာဆုံး ခုခံတိုက်ခိုက်သည့်ဒေသဖြစ်၏။ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အမှောင်ချထားခြင်းခံရသည့် ဒေသဖြစ်သည်။

ရဲဘော်သုံးကျိပ် ပြည်တော်ပြန်ဝင်လာ၍ ဘီအိုင်အေစစ်သားစု ဆောင်းသည့်အခါရှင်လန်းအားရစွာ အစုလိုက်အပြုံလိုက် တပ်ထဲဝင်ကြ သည်။ ထိုချင်းရဲဘော်များ၌ လစာ၊ ရိက္ခာဟူသည် စိတ်ကူးမျှပင် မရှိခဲ့ပါ။ နယ်ချဲ့ကို အမိမြေမှ တွန်းလှန်တိုက်ထုတ်ပြီးလျှင် ကိုယ့်ရွာကိုယ်ပြန်ခဲ့ကြ မည်။ ၎င်းတို့၏အန္တိမရည်မှန်းချက်မှာ နယ်ချဲ့မောင်းထုတ်ရေးသာဖြစ်၏။

တစ်နေ့တွင် ချင်းမျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဦးဝမ္မသူး မောင်း၏ စီစဉ်ပေးမှုဖြင့် BIA တပ်သား (၄၀၀) ကျော် လွှတ်ရာတွင်

ပထမအသုတ် စစ်သည် (၄၀) တွင် ရဲဘော်မောင်းထန်းပါရှိသည်။ ကျရာတပ်ရင်းတပ်ဖွဲ့ ဒေသများ၌ တာဝန်ထမ်းဆောင်ကြရပြီး ရဲဘော်မောင်းထန်း ပါဝင်သည့် ချင်းရဲဘော်တစ်စုသည် ပျဉ်းမနား၌ တာဝန်ကျသည်။ ပျဉ်းမနားတိုက်ပွဲ ပြီးဆုံးသွားလျှင် အိမ်ပြန်ခွင့်လည်း ရကြတော့မည်ဖြစ်၏။ နောက်ဆုံး ပျဉ်းမနားတိုက်ပွဲ၌ ရဲဘော်မောင်းထန်းမှာ ခန္ဓာပုံးဆံထိမှန်ခဲ့သည်။

၎င်းနှင့်အတူ တိုက်ပွဲဝင်သည့် ချင်းတောင်ပြန်မည့် ချင်းရဲဘော်များမှတစ်ဆင့် ဒေသအနှံ့မှုံးမှုံး၌ ဇာတိမြေသို့ သီချင်းဆို၍ပြန်ပါးခဲ့၏။ သီချင်းအမည် ချင်းသံထွက် "ကျေးမေကခို" ဖြစ်ပြီး၊ မြန်မာပြန် "ငါနှင့်ငါ့မြေ" ဟူ၍ ဖြစ်ပါသည်။

ကျေးမကနိုင်ငံချစ်သီချင်း (ငါနှင့်ငါ့မြေ)

- ရောင်နီကဲ့သို့ ပွင့်လာရှိနေပါ ရောနှောဘူလဲနေ | ကျေးမကနိ
- မလိုင်မာန် ငါ့ရဲ့ပါ မလိုင်လမ်းတာနေ | ကျေးမကနိ
- ရောနှောဘူလဲနေ ဗွီးယုမ်ဝမ်းတော့ | ကျေးမကနိ
- မလိုင်လမ်းတာနေ လေးမယ်လောကွယ် | ကျေးမကနိ

(မြန်မာပြန်)

- ဇာတိဌာနေ၊ ချင်းတောင်မြေ၏
တောင်ခြေတူးစူး မြေပြန့်ပြူး၌
မြူးထူးပျံ့ခဲ၊ ကျီးငှက်မည်းတို့
သဲသဲရှုတ်ရှုတ်၊ သင်းပင်းအုပ်ဖွဲ့
ထိုးသုတ်ကိုက်စား၊ ငါ့အပါး၌
စောင့်စားအသင့်၊ ငါ့ကိုလင့်သည်
ငါနှင့်ငါ့မြေ လွဲခဲ့ပြီ
ငါ့မြေနှင့်ငါဘယ်မှာလဲ။

- ပြန့်ပြူးသာယာ၊ အောက်ရပ်ရွာ၌
ရောက်လာငါကား၊ နယ်ချဲ့များကို
လှံသွားသေနတ်၊ ဓားသွားထပ်၍
ကိုနိုင်(ချင်းတောင်)

စုတ်ဖြတ်ရှင်းလင်း။ သွေးနှင့်ရင်းခဲ့
ချင်းရှင်းရဲ့နီ၊ ငါ့သွေးရည်ကို
အော်မြည်မြူးကြွ၊ ငှက်လင်းတတို့
သောက်ကြအသင့်၊ ငါ့ကိုလင့်သည်
ငါနှင့်ငါ့မြေလွဲခဲ့ပြီ
ငါ့မြေနှင့်ငါဘယ်မှာလဲ။

– ကျီးကန်ငှက်မည်။ စွန်ရဲလင်းတ
စုံရှုအော်မြည်၊ ကိုက်ရှိုထိုးဆိတ်
စိတ်ရှိတိုင်းသော၊ ငါ့ခန္ဓာအား
လိုရာသုံးစေ၊ ငါပေးဝေ၏
ငါ့မြေမှစွာ၊ ထွက်အလာ၌
ဝန်တာပြီးငြိမ်း။ စခန်းသိမ်းက
မတိမ်းမရွှတ်၊ တောင်တန်းထက်သို့
ဆက်ဆက်ပြန်ရေး ကတိပေးခဲ့
အရေးအခွင့်၊ ခနဲ့မသင့်၍
ငါနှင့်ငါ့မြေလွဲခဲ့ပြီ
ငါ့မြေနှင့် ငါဘယ်မှာလဲ။

– ဇာတိရှင်းမြေ၊ ငါဌာနေကို
သေသော်မခွဲ၊ ငါစိတ်စွဲလည်း


ကိုနိုင်း(ချင်းတောင်)

မမြဲခန္ဓာ၊ အနိစ္စာကြောင့်
ငါ့မှာလိမ်ညာ၊ မြူခဲ့ရာသို့
ဖြစ်ရာရပြန်၊ ငါတောင်းပန်ခဲ့
ရွာပြန်အလှည့်၊ ငါပျောက်ခဲ့လည်း
တေးဖွဲ့သံရှိ၊ ပြန်ပါးလိုသည်
ငါ့ကိုခွင့်လွှတ်ပါလေတော့။

(မူရင်းစကားလုံးအတိုင်း)

ဘီအိုင်အေစစ်သည် တေးပြမောင်းထန်း၏ မွေးဇာတိကို အတိအကျ မဖော်ပြနိုင်သော်လည်း နတ်မတောင်နယ်သား၏ ပါးလက်ဆောင်သီချင်း အစစ်အမှန်ပင်ဖြစ်သည်။ တာဝန်ပြီးဆုံးလျှင် အမိမြေတောင်တန်းထက်သို့ ပြန်တက်ခဲ့ရန် ကတိပေးထားခဲ့သော်လည်း ကျီး၊ လင်းတတို့၏ အစာအဖြစ် ပျောက်ကွယ်ကျန်ရစ်နေခဲ့ရခြင်းအတွက် အခွင့်လွှတ်ပါရန် တောင်းပန်သီဆိုခဲ့ခြင်းဖြစ်သည်။

သေအံ့မူးမူး ချင်းစစ်သည်တစ်ယောက်၏ ဇာတိအမိမြေကို ဂုဏ်ပြုနှုတ်ဆက်ခဲ့သည့် သီချင်းသည် ယနေ့တိုင် ချင်းတောင်တန်း၌ လွင့်ပျံ့နေဆဲ။ ချင်းလူငယ်များအား အမိမြေကို ချစ်မြတ်နိုးတတ်စေရန် လမ်းညွှန် သတိပေးနေဆဲပင်။



ချင်း-ဗမာချစ်ကြည်ကျောက်တိုင်အုတ်မြစ်ချအခမ်းအနား

ဖက်ဆစ်တော်လှန်ရေးအပြီး
ချင်း-ဗမာချစ်ကြည်ရေးညီလာခံ

**၃၄၅၆၈၀၁။၁၉၄၇။**

ချင်း-ဗမာနယ်စပ် ထီးလင်းမြို့၌ ချင်း-ဗမာချစ်ကြည်ရေးညီလာခံကြီးကို အထူးစည်ကား သိုက်မြိုက်စွာ (၃) ရက်တိုင်တိုင် ကျင်းပသည်။ ညီလာခံသို့ မူလက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်တက်ရောက်ရန် စီစဉ်ထားသော်လည်း မတ် (၁၈)၊ ၁၉၄၇ ၌ ညောင်ရွှေမြို့တွင် ကျင်းပမည့်တောင်တန်းသားများညီလာခံကြီးအတွက် အမှုတပြင်းဆောင်ရွက်နေရသဖြင့်၊ ဒီးဒုတ်ဦးဘချို ဦးဆောင်တက်ရောက်စေသည်။ ယင်းညီလာခံ၌ ချင်း-ဗမာ ထာဝရချစ်ကြည်ရေးကျောက်တိုင်ကို ဦးဝမ္မသုမောင်းနှင့် ဒီးဒုတ်ဦးဘချိုတို့က အတူပူးတွဲ အုတ်မြစ်ချ စိုက်ထူကြသည်။



ချင်း–ဗမာချစ်ကြည်ရေးညီလာခံ

ထီးလင်း။ ၃ မှ ၅ မတ်၊ ၁၉၄၇

ကိုနိုင်(ချင်းတောင်)

"ခိုသုမ်းလှိုင်ငါ"

တောင်တန်းရှင်ခွင် (စစ်မြေပြင်မှ အလွမ်းသီချင်း)

" ခိုသုမ်းလှိုင်ဝါ၊ ခိုတီပြန်းလှို့ခါ၊ ကမှူးဗာလှူ " ရှိ

**၂၀၊ဖေဖော်ဝါရီ၊၁၉၃၈ ။**

ကန်ပတ်လက်မြို့၌ မကွေးတိုင်းမင်းကြီးက ဒါဘာပွဲပြုလုပ်သည်။ အင်္ဂလိပ်၏ မတရားခွဲခြားအုပ်ချုပ်သည့် ဥပဒေများ ပယ်ဖျက်ပေးရန် လူထုကြီးက ဆန္ဒပြတောင်းဆိုသည်။ ထိုဆန္ဒပြပွဲတွင် လူငယ်အင်အားဖြင့် တက်ရောက်ပါဝင် ဆင်နွဲသည့် မောင်ဆွိုးနှင့် မရွှေယောင်တို့ ရင်းနီးကျွမ်းဝင်ရာမှ ချစ်သူဖြစ်သွားကြ၏။

**၁၉၃၉ ။**

နှစ်ဖက်မိဘများမှာ တောင်အုပ်တောင်ပိုင်နယ်ပယ်အကြီးအကဲများဖြစ်၍ ထိုနှစ်တောင်ယာသိမ်းပြီးချိန်၊လက်ထပ်ပေးရန် စေ့စပ်ပေးလိုက်ကြ၏။

ကိုနိုင်း (ချင်းတောင်)

**၂၀၊ဧသဂေါ်ထိ၊ရီ၁၉၃၉။**

လူထုဆန္ဒပြပွဲ ဦးဆောင်သည့် ချင်းတောင်ညီညွတ်ရေးအဖွဲ့ကို နယ်ချဲ့အစိုးရက မတရားသင်း ကြေညာပြီး၊ လူထုခေါင်းဆောင်များ၊ ဆန္ဒပြခေါင်းဆောင်များကို ထိုနေ့မှစ၍လိုက်လံဖမ်းဆီး ထောင်သွင်းအကျဉ်းချထားသည်။ မောင်ဆွီး၏ဖခင်မှာ ဖမ်းဆီးထောင်ချခြင်းမှ ရှောင်လွှဲရန် တောနက်ထဲ၊ ပုန်းရှောင်ထွက်ပြေးသည်။ သားသမီးများ လက်ထပ်ပေးရေး တစ်နှစ်ရွှေ့လျော့သွားရ၏။

**၁၉၄၀။**

အဖမ်းအဆီးငြိမ်း၍ မောင်ဆွီး၏ ဖခင်ရွာပြန်ဝင်လာချိန်၊ မရွှေယောင်၏ ဖခင်မှာ နှစ်တစ်ပတ်လည်လုံး မကျန်းမမာဖြစ်နေ၍ ထိုနှစ် မင်္ဂလာပွဲ မပြုလုပ်ပေးနိုင်ဘဲ၊ နောက်တစ်နှစ်သို့ ရွှေ့လိုက်ရသည်။

**၁၉၄၁။**

ထိုနှစ်၊ နှစ်ဆန်း တောင်ယာသိမ်းချိန်၊ မင်္ဂလာဆောင်ပေးရန် သတ်မှတ်ကြ၏။ ချင်းထုံးဓလေ့အတိုင်း မင်္ဂလာကြေးပေးရန် မွေးမြူထားသည့် နွားနောက်ကြီးမှာ ကျားဆွဲသွားခဲ့သည်။ ထိုနှစ် ကျားလိုက်ခြင်း၊ နွားနောက် အစားပြန်မရနိုင်သေးခြင်းကြောင့် မင်္ဂလာဆောင်နှင်းပေးရေး ဝေးသွားရပြန်သည်။

၁၉၄၂။

နှစ်ဆန်း၌ မင်္ဂလာကြေးနွားနောက်ကြီးအစား နွားနောက်ငယ်ကိုလက်ခံပေးပြီးမင်္ဂလာဆောင်နှင်းပေးရန်သဘောတူသတ်မှတ်ကြ၏။ လက်ထပ်ရက်မရောက်မီ၊ ဂျပန်ဝင်လာ၍ အင်္ဂလိပ်ထွက်ပြေးသည် အင်္ဂလိပ်တပ်နောက်သို့လိုက်လာသည့် ဂျပန်တပ်က မောင်ဆွီးအပါအဝင်ရွာသားများကို ဂျပန်စစ်ကူလီထမ်း ဖမ်းခေါ်သွားသည်။ မောင်ဆွီးသည် မတူပီနယ် ဆဘောင်ပီးဆဘောင်သဲမှ အိန္ဒိယနယ်စပ်အထိ အထမ်းလိုက်ပါရပြီး၊ လနှင့်ချီ၍ကြာခဲ့၏။ သတ်မှတ်ရက်၌ မင်္ဂလာမဆောင်နိုင်တော့ချေ။

ဂျပန်စစ်ကူလီထမ်းသွားရာမှ မောင်ဆွီးပြန်ရောက်လျှင်၊ မင်္ဂလာဆောင်ပေးရန် နှစ်ဖက်မိဘအသင့်ပြင်ထားပြန်ကြ၏။ သတို့သမီးမိဘများက သားနှင့်သမီးကိုဝက်လည်သွေးသုတ်၊ လက်ထပ်ပေးမှသာ မင်္ဂလာဆောင် အထမြောက်၊ လင်မယားအရာရောက်၍ မိန်းကလေးကိုခေါ်သွားနိုင်မည်ဖြစ်၏။ မင်္ဂလာဆောင်ပေးမည့်ဝက်ကြီး၊ ဝက်ငယ်များ ရှည်နှောင်လျက် အိုးကြီးငယ်ဖြင့် ချက်ပြုတ်ကြ၏။ မိုးလင်းလျှင် ဝက်လည်သွေးသုတ် မင်္ဂလာ အခမ်းအနားပြုလုပ်မည်ဖြစ်၍ အလုပ်များနေခြင်းဖြစ်၏။ အချို့ချက်ပြုတ်ဆဲ၊အချို့အိပ်ရာဝင် သန်းခေါင်ယံအလွန်၊ဂျပန်တပ်စုတစ်စုသည် သေနတ်သံတဒိုင်းဒိုင်းနှင့် အိမ်ပေါ်ခုန်တက်လာကြ၏။ အိမ်ရှင်ဧည့်သည် မကျန် ကန်ပက်လက်မြို့သို့ ဆွဲခေါ်သွားလေ၏။ ကန်ပက်လက်မြို့ရောက်သည့်အခါ၊ ဆိပ်ဖြူ၊ ဆောမြို့စုသည် ဂျပန်စစ်ကူလီ ဗမာအထမ်းသမားများ၏ အထမ်းတောင်းကို ပခုံးပြောင်း၍ အိန္ဒိယဘက်သို့ စစ်ကူလီထမ်း

သွားကြရန်ပြန်သည်။ ထိုခရီးလည်း လနှင့်ချီကြာခဲ့၍ မောင်ဆွီးနှင့် မရွှေယောင်တို့၏ မင်္ဂလာဆောင်ရေးမှာလည်း နာရီပိုင်းလေးအလို၌ ပျက်ပြားသွားခဲ့ပြန်တော့သည်။

၁၉၄၂။

နွေမကုန်မီ မင်္ဂလာဆောင် ရက်သတ်မှတ်ကြပြန်သည်။ ဤအကြိမ်တွင်မူ မရွှေယောင်သည် အောက်ပါအဓိပ္ပါယ်ရှိသော သီချင်းကိုဆို၍ မင်္ဂလာဆောင်ရေးကို တူးတူးခါးခါးငြင်းဆန် လွှတ်လိုက်လေတော့၏။

**"ကိစ္စတစ်ခုပြုကြရာတွင်၊ သုံးခါမြောက်က၊ ဆုံးကြရ၏။ မကသုံးခါ၊ လေးခါလွန်ရောက်၊ မဖြစ်မြောက်ဘဲ၊ သဲသဲမဲမဲ၊ လူကစွဲလည်း။ နတ်က ခွဲတော့၊ ကွဲရမည်သာ ဤဘဝ၌၊ ဤမျှနှင့်ဆုံး။ နိဂုံးချုပ်စို့"**

ထိုနှစ်နွေ၌ ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်း၏ အစီအစဉ်ဖြင့် ဘီအိုင်အေစစ်သည်များ စုဆောင်းစေလွှတ်သည့်အခါ မောင်ဆွီး ထိပ်ဆုံးက လိုက်ပါသွားသည်။ သူငယ်ချင်းမောင်ကီးနှင့်အတူ တပ်ထဲဝင်သွားကြခြင်းဖြစ်၏။ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲ၍လွတ်လပ်ရေးကြိုးပင်ရခဲ့ပြီး တပ်ထဲဝင်သွားကြ၍ (၁၀)နှစ်အကြာ၌ မောင်ကီး၊ တပ်ထွက်ခွင့်ရ၍ ပြန်လာသည်။ မောင်ဆွီးက တပ်မတော်ထဲနေရစ်သည်။ မောင်ကီးအပြန်၌ ချစ်သူမရွှေယောင်ထံသို့ ချင်းရိုးရာတေးတစ်ပုဒ်ကို သီဖွဲ့၍ မောင်ကီးမှတဆင့် ပြန်ပါးခဲ့၏။ မရွှေယောင်အား မောင်ကီးက ပြန်လည်သီဆိုပြသည့် မောင်ဆွီး၏ ပါးလက်ဆောင်သီချင်းမှာ

## ဒိုသုမ်းလိုင်ငါ (တောင်တန်းရင်ခွင်)

("ဒိုသုမ်းလိုင်ငါ၊ ဒိုပဲဒြန်းခါ၊ ကမှုုစတလှု" မှ)

- တောင်တန်းရင်ခွင်၊ နွေအခါ၌
တိမ်မျှင်ငွေသား။ တောင်ထိပ်များ၌
ပြေးလွှားလွင့်ပါး။ တောကစားသော်
ပွင့်များဖြူလွ၊ ပန်းသစ်ခွနှင့်
တောင်ဇလပ်ဝါ၊ သစ်ခွပြာတို့
သူငါအနိုင်၊ အလှပြိုင်၍
စုံပြိုင်အဝှမ်း။ နေခြည်ဆမ်းလျှင်
တောင်တန်းအနံ့ လင်းတော့မည်
တောင်တန်းရနံ့ သင်းရော့မည်။

- တောင်တန်းရင်ခွင်၊ နွေအခါ၌
ဖြူလွင်ဖွေးလွ၊ ပန်းသစ်ခွတို့
နမနင့်ဆိုင်၊ အလှပြိုင်ကြ
အနိုင်အရှု။ အပွင့်ထူးကို
ခွတ်ရူးယူရွေး။ ပန်၍ပေးသော်
အလေးတောင်ဆ၊ မောင့်နမက
လှပသာလွန်၊ ရှိခဲ့ပါန်ကို
ပြန်မြင်စိတ်ကူး။ လွမ်းစိတ်ရှူး၏

ကိုနိုင်း (ချင်းတောင်)

နေဦးအဖွင့်၊ ရွာတောင်မြင့်တွင်
တိမ်လွှင့်ပန်းပွင့်၊ ဖူးရှိန်သင့်ကို
မြင်နှင့်သမျှ လွမ်းတော့၏။
ရင်နှင့်အမျှ ကျွမ်းတော့၏။

– တောင်တန်းရင်ခွင်၊ နေ့အဝင်၌
တောင်ရှင်တောသိုက်၊ လေအတိုက်တွင်
ကြွေလိုက်ရွက်ဝါ၊ ဇေဝဲလာက
လိပ်ပြာဖော်ကွဲ၊ လိုက်ပါမြဲတည့်
ပျံ့ဝဲဖွဲ့ရာ၊ ပျာကရာနှင့်
ရွက်ဝါကိုပင်၊ သက်လျာထင်၍
မြေပြင်ဆင်းသက်၊ မိုးသို့တက်နှင့်
ကြင်ဖက်မျောက်ဆုံး၊ ဘဝရုံး၌
နှလုံးကွဲကြေ၊ သေရလေဟု
တွေတွေဆန်းပြာ၊ ငယ်စကားလျှင်
ကိုယ့်အားရည်ညွှန်း၊ နိမိတ်ထွန်းနဲ့
တောင်တန်းလိပ်ပြာ၊ ရော်ရွက်ဝါနှင့်
ပမာပုံသွင်၊ ကိုယ့်ဖြစ်အင်ကို
ဘဝင်စိတ်တွင်၊ တွေးတော့၏
မရှင်စိတ်တွင် ဆွေးတော့၏။

ကိုနိုင်း(ချင်းတောင်)

- တောင်တန်းရင်ခွင်၊ မေ့အဝင်၌
တောင်ခွင်တောလုံး။ နေခြည်ဝုံး၍
ချစ်ဆုံးရှိရာ၊ တောင်ထိပ်သာ၌
တောင်ယာစိုစိမ်း။ မြရည်လိမ်းလျက်
မွန်းတိမ်းနေစောင်း။ အရောင်ပြောင်းလျှင်
တောင်စောင်းတခွင်၊ ဝါရွှေလွင်၍
ရှစ်ခွင်မျက်နှာ၊ တောင်တိုင်းမှာလည်း
နီဝါရေမ်း။ မွေ့ကြိုပန်းနှင့်
တောင်တန်းသစ်ရွှ၊ ပွင့်ဖြူလွှတို့
နမနှင့်ဆိုင်၊ အလှပြိုင်လျက်
ကြိုင်လှိုင်ပွင့်လန်း။ ရောင်စုံသန်း၍
တောင်တန်းရင်ပြင် လွမ်းရေမည်
တောင်တန်းရင်ခွင် လွမ်းတေ့သည်။

စစ်မြေတစ်နေရာမှ တောင်တန်းရင်ခွင်မည်သော ချစ်သူရင်ခွင်ကိုလွမ်းတနေဆဲဖြစ်ကြောင်းဖွဲ့သီပြန်ပါးလိုက်ခြင်းဖြစ်၏။ တောင်တန်းပေါ်ရှိ ရော်ရွက်ဝါကြား၌တွေ့ရတတ်သည့် ရွှေရောင်လိပ်ပြာသေကလေးများကို ချစ်သူပျောက်ဆုံး နလုံးကြေကွဲ သေရသည်ဟု ကလေးငယ်ဘဝ ပြောဆိုခဲ့ ကြပုံများသည် သူ့အတွက် အတိတ်နိမိတ်ဖြစ်ခဲ့ရကြောင်းဖွဲ့ဆိုသည်။ စစ်မြေပြင်မှအလွမ်းတေးသည် နယ်ချဲ့ကြောင့် ချစ်သူနှစ်ဦးခွဲခွာဝေးကွာကြရသည့် အလွမ်းဇာတ်လမ်း၏ နောက်ခံတေး တစ်ပုဒ်ပင် မဟုတ်ပါလား။

ကိုနိုင်း(ချင်းတောင်)



သခင်မကြီးဒေါ်ရှယ်လောထုံ

ကိုနိုင်း(ချင်းတောင်)

## အခန်း (၁၀)

### သခင်မကြီးဒေါ်ချယ်လောထုံ၏ "ပုံပြီဒေါ်လင်း" (ပြည်ထောင်စုကြီးလမ်းဆုံး)သီချင်း

လိုရုံးရွာသူ ချင်းမျိုးချစ်သခင်မကြီး ဒေါ်ချယ်လောထုံသည် လွတ်လပ်ရေး တိုက်ပွဲ၌ ဘဝကိုမြှုပ်နှံထားသူဖြစ်သည်။ သခင်နိုင်ငံရေး ခေတ်၌ သခင်မကြီးဒေါ်ထုံအဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်သည့် ညီညွတ်သော ဖဆပလခေတ်တွင် ပြည်သူ့ရဲဘော်အဖွဲ့၏ ချင်းရဲမေ ခေါင်းဆောင်ဖြစ်သည်။ ချင်းတောင် အမျိုးသမီး အဖွဲ့ချုပ်၏ဥက္ကဋ္ဌလည်းဖြစ်သည်။ ချင်းရိုးရာ တေးသီချင်းများ ၌ အထူးပင် ကျွမ်းကျင်ထူးချွန်သည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု အတွက် တေးသီချင်းများဖွဲ့ဆို လှည့်လည်ဟောပြောခြင်းကြောင့် များစွာ ထိရောက်အောင်မြင် စည်းရုံးနိုင်သည်။ ချင်းရိုးရာစစ်ဝတ်စုံကိုမချွတ်တမ်း ဝတ်ဆင်နေထိုင်လေ့ရှိသည်။

ကိုနိုင်း(ချင်းတောင်)

သခင်မကြီး ဒေါ်ချယ်လောထုံဖွဲ့နွဲ့သီဆိုခဲ့သည့် လူထုစည်းရုံးရေးနှင့် အမျိုးသားရေး တေးသီချင်းပေါင်း ပုဒ်ရေ (၁၀၀၀) ကျော်ရှိသည်ဟုဆိုသည်။ သခင်မကြီး၏ တေးသီချင်းများစွာအနက် စာဖြင့်မှတ်တမ်းတင်ထားသည့် သီချင်းတစ်ပုဒ်ကိုသာ ပြန်မာပြန်ဖော်ပြနိုင်ပါသည်။ ယင်းသီချင်းမှာလည်း ဆရာကြီးဦးသိန်းဖေမြင့်၊ သခင်မကြီး ဒေါ်ချယ်လောထုံ၏တောရွာနေအိမ်သို့ရောက်ရှိစဉ်သီဆိုပြခဲ့သည်ကိုဝိသေသတိုင်းသမိုင်းအစ စာအုပ်တွင် မှတ်တမ်းတင်ရေးသားထားသဖြင့် ယခုကဲ့သို့ ပြန်လည်ဖော်ပြနိုင်ခြင်းဖြစ်ပါသည်။

ကိုနိုင်(ချင်းတောင်)

နိဝင်ဘာ၊၁၉၆၆။

(သခင်မကြီး ဒေါ်ချယ်လောထုံဆို)
ပုံနှိပ်လောလယ် – ချို ချင်းသီချင်း
(ပြည်ထောင်စုကြီးလမ်းခရီး)

– ပင်လယ်ရေပြင်၊ မြေထောက်တင်၍
ကောင်းကင်တောင်ထိပ်၊ ခေါင်းအုံးအိပ်သည့်
ဝက်ပဒိတ်မြင့်မား။ မြန်မာများသည်
မွေးဖွားမိခင်၊ တစ်ရင်းခွင်၌
တူယှဉ်သက်ဆင်း။ သွေးသားရင်းလျှင်
ဖြစ်ခြင်းအစ၊ ရှိကြ၏။

– တစ်မိတည်းဖွား။ သွေးရင်းများသည်
မြင့်မားဝက်ဒြပ်၊ မင်းမြတ်သမ္မတ
ထိုမှအစ၊ ဆင်းသက်ကြ၍
ကာလရှည်လျား။ မင်းဆက်များစွာ
ဆွေသားညီနောင်၊ တိုင်းပြည်ထောင်လျက်
ဦးဆောင်ရှေ့ကာ၊ လမ်းညွှန်ပြသည့်
ကိုယ့်အရှင်နှင့်၊ သခင်နှင့်။

ကိုနိုင်း(ချင်းတောင်)

- ရေမြေသစင်၊ ကိုယ့်အရှင်နှင့်
ပြည်စွင်ကြီးကျယ်၊ ဝပြောကြွယ်လည်း
ပင်လယ်ရပ်ခြား၊ တိုင်းတစ်ပါး၏
တောကျားစဉ်းလဲ၊ အရိပ်ကဲကို
ပြည်ထဲဥဒေ့ချောင်၊ ရွှေနန်းဆောင်က
မြင်ဖောင်မကြည့်၊ ယှဉ်မညှိဘဲ
ကိုယ်၏အတွ၊ ကိုယ်မာနနှင့်
သူကမြှူလျှင်၊ ငါမည်းရှင်ကြ
အမြင်တွင်းဖောက်၊ မရှုးရောက်ဘဲ
ခေတ်နောက်ကျန်ရစ်၊ ဉာဏ်မသစ်၍
လူညစ်မျိုးခြား၊ တိုင်းတစ်ပါး၏
ဖဝါးကျွန်အောက်၊ ပြားပြားမှောက်သည့်
သားပေါက်ကျွန်းကျေး၊ ဖြစ်ရသေးသည်
မသွေးစည်းနိုင်ကြခြင်းကြောင့်။

- ဟေ့ -

- ငါတို့မြန်မာ၊ ဆိုသည်မှာကား
အာဇာနည်မျိုး၊ ဘုန်းတန်ခိုးနှင့်
မညှိုးတေဇာ၊ ဂုဏ်လင်းဖြာမြဲ
ကမ္ဘာမကျေ၊ သွေးဆူဝေ၍
ကိုယ့်မြေကျူးကျော်၊ မသူတော်နှင့်

မောက်မော်စော်ကား၊ နယ်ချဲ့များကို
ဆောင်မားကိုဆွဲ၊ သေနတ်စွဲ၍
တိုက်ပွဲဝင်ကြ၊ တွန်းလှန်ကြ၏
ကာလမခြား၊ မရပ်နားဘဲ
ကြိုးစားရွက်ဆောင်၊ ပြည်ချစ်မောင်တို့
မှန်အောင်ရှေ့ကာ၊ လမ်းညွှန်ပြလျက်
ပြည်မတောင်တန်း၊ တစ်စိတ်ဝမ်းနှင့်
လွတ်လမ်းဖွေရှာ၊ ခရီးတာ၌
အာဇာနည်သွေး၊ ဆေးဖြင့်ရေးသည့်
လွတ်လပ်ရေးကြီး ရခဲ့၏။ ။

-လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်ကြီး
ဝေစည်သာယာ၊ ဘေးဘယာကင်း
လိုရာဆန္ဒ၊ ပြုနိုင်ကြသော်
ရှေ့ကာစွန့်စား၊ ပုဂ္ဂိုလ်များကား
တောကြားတောင်ကြား၊ မထင်းရှားနှင့်
နွမ်းပါးရှိုတဲ့၊ ဥစ္စာမဲ့လည်း
တကယ့်တိုက်ပွဲ၊ ချောင်မိုလှဲ့တို့
သူပဲစွန့်ယောင်၊ စကားဖောင်၍
ရွှေရောင်ငွေရောင်၊ ဝါဝင်းပြောင်သည်
ပြည်ထောင်စုကြီးလမ်းခရီး၊ ။

ကိုနိုင်း(ချင်းတောင်)

စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့သည့် သခင်မကြီး ဒေါ်ချယ်လော ထုံ၏ သီချင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သမိုင်း အကျဉ်းချုပ် ဖြစ်တော့၏။

ကိုနိုင်း(ချင်းတောင်)

အခန်း (၁၀)

နိဂုံး

သွေးမျိုးဆက်

– ဤမြေမဟီ၊ ဖြစ်တည်သည့်
ရွှေပြည်မြန်မာ၊ ဤနေရာ၌
မြေလွှာတည်စ၊ မူလကပင်
ဘိုးဘဘီဘင်၊ မျိုးနွယ်စဉ်ဆက်
ဤတွင်လူဖြစ်၊ ဤမြေရှစ်သည့်
မျိုးစစ်မြန်မာ၊ ဖြစ်တည်လာကြ
ပြည်ရွာမြို့ပြ၊ ထုထောင်ကြလျက်
ကမ္ဘာ့အလယ်၊ ဝင့်ထယ်သည့်
ကိုနိုင်း(ချင်းတောင်)

မျိုးနွယ် "မြန်မာ" ဖြစ်ကြ၏။
- မျိုးနွယ်မြန်မာ၊ ဟူသည်မှာကား
ဗမာ ကချင်၊ ချင်း ကရင်နှင့်
ရွှေစည်မျိုးဆက်၊ သွေးစက်မခြား
ကယား ကယန်း၊ ရခိုင် ရှမ်းမွန်
တစ်ဝမ်းထဲဖွား၊ ညီနောင်များကို
စကားပေါင်းစု၊ ခေါ်မှုပြုသည့်
တစ်ရုတည်းသော သွေးဖြစ်ကြောင်း။

- သွေးချင်းအခင်အား၊ ညီနောင်များသည်
ချောင်းမြောင်းမှာပျော်၊ တောင်ပေါ်မှာနေ
မြစ်ရေကိုမင်၊ လွင်ပြင်ကိုမက်
ရေနက်ကိုစင်၊ ပင်လယ်ကိုလွမ်း
တောင်တန်းကိုချစ်၊ နှစ်သက်ရာရာ
အိမ်ရာခြေချ၊ နေထိုင်ကြသည့်
မြန်မာ့မြေလွှာ၊ မွေးမာတာ၏
သည်းချာရင်နှစ် ဖြစ်ကြ၏။

- ဝေစည်သာယာ၊ ပြည်မြန်မာ၏
သေလာမပြောင်းစမ်း၊ အနောက်မြမ်း၌
စိတ်ဝမ်းမမွှေလျော်၊ ငါတို့ပျော်သည့်

ကိုနိုင်း(ချင်းတောင်)

တောင်ပေါ်စခန်း၊ ချင်းတောင်တန်းကား
ငြိမ်းချမ်းသာယာ၊ အေးရိပ်သာတည်။

- ရိုန်ခါမရွေး၊ ပြည်အရေး၌
မလေးမဖင့်၊ ရိုန်မလင့်ဘဲ
ကျသင့်ဝန်တာ၊ ကျေပြွန်စွာနှင့်
ပြည်ရွာကာကွယ်၊ မျိုးနွယ်စောင့်ရှောက်
အုံလောက်အောင်စွမ်း၊ ရဲဝံ့စိတ်ထား
ဇွေသားလည်းခင်၊ ဇာတိမင်သည့်
ပြည်စွင်မြတ်နိုး "ချင်းလူမျိုး" ဟု
ရေးထိုးမော်ကွန်းတင်ခဲ့၏။

- မျိုးနွယ်ကိုခင်၊ ဇာတိမင်သည့်"
ပြည်စွင်မြတ်နိုး၊ "ချင်းလူမျိုးဟု"
အဘိုးအဘွား၊ နောင်တော်များက
ရေးသားမော်ကွန်း၊ ဤမှတ်တမ်းကို
စိတ်ဝမ်းမှာစွဲ၊ နှလုံးထဲ၌
စွဲမြဲမှတ်ယူ၊ "ငါတို့မူ" ဟု
ငယ်သူတို့က၊ သွေးဆက်ကြ၍
ဒေသချင်းတောင်၊ ဝုဏ်ထွန်းပြောင်အောင်
စွမ်းဆောင်စေကြောင်း။ ဆန္ဒလောင်း၍

ကိုနိုင်း(ချင်းတောင်)

**အကြောင်းကျိုးညီ၊ ထိုစေတ်ဆီက**

**စစ်သည်စာဆို၊ တေးထိုထိုကို**

**ပြန်ဆိုဖော်ပြပါသတည်း။ ။**

**ကိုနိုင်း(ချင်းတောင်)**

**ကျမ်းကိုး**

၁။ ချင်းတောင်သမိုင်း (မင်းတပ်ဘူနိန်း)

၂။ ဝိသေသတိုင်း သမိုင်းအစ (သိန်းဖေမြင့်)

၃။ မြန်မာ့ရက်စဉ်သမိုင်း (သမိုင်း သုတေသနဦးစီးဌာန)

၄။ ဇူလိုင်၊ ၂၀၀၄ ထုတ်၊ ရွက်နုဝေမဂ္ဂဇင်း၊ (မြဟန်)၏မြန်မပြည်
ဒိုင်ယာရီ

၅။ ကျန်လေလျှန်းရွာ ဦးဟာကီးမှတ်စု